ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 13 April 2021 ၁၀၃၄၆

# ဘူမိဖသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ကြိုဆိုပင့်ဆောင်ပူဇော်ခြင်းနှင့် "မာရဝိဇယ"ဘွဲ့တော်သမုတ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၂

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ ပင့်ဆောင်ခြင်းအခမ်းအနားကို ဧပြီ ၄ ရက်က ပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ကြည်ညိုခဲ့သည်။ ဆင်းတုတော် အပိုင်း(၁)သည် တန်ချိန် ၁၀၉၀ ရှိသည်။ ၎င်းစကျင်ကျောက်တုံးတော်ကြီးအား သယ်ပိုးပင့်ဆောင်ထားသော သံမဏိသံပြမ်းစင် ၆၂ တန် စုစုပေါင်း တန်ချိန် ၁၁၅၂ တန်ရှိသောကြောင့် ဆီမီးခုံဆိပ်ကမ်းမှ မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့ ၇ ရက်ကြာ ခက်ခက်ခဲခဲပင့်ဆောင်ခဲ့ရပြီး ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ဧပြီ ၁၀ ရက် ညပိုင်းတွင် ရောက်ရှိခဲ့သည်။



နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များကို လိုက်လံကြည့်ရှုရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းပြသစဉ်။

**ယခုတည်ထားကိုးကွယ်မည့် "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" အား တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်**

အဆိုပါ ဘူမိဖသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ကြိုဆိုပင့်ဆောင်ခြင်းနှင့် ဘွဲ့တော်သမုတ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဒေါ်အေးနုစိန်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေ**
စာမျက်နှာ » ၆

**ပြည်သူတွေရဲ့ နားနဲ့မျက်စိတွေ အမှန်ကိုမြင်နိုင် ကြားနိုင်ကြပါစေ**
ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၃)
စာမျက်နှာ » ၁၀

**ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ သန်း ၄၀၀ ကျော်ရှိလာ**
စာမျက်နှာ » ၁၂

ကြေးမုံ

# အကြောင်းအကျိုး၊ အကောင်းအဆိုး စဉ်းစားဆင်ခြင် နိုင်ငံရေးအမြင်

ယနေ့မြန်မာနိုင်ငံတွင် ဖန်တီးနေသော နိုင်ငံရေးလှုပ်ရှားမှုများကို စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိတော့သည့် ဆင်ကန်းတောတိုး လုပ်ဆောင်မှုများဟု ဆိုချင်ပါသည်။ အမှန်စင်စစ် နိုင်ငံရေးအမြင်၊ နိုင်ငံရေးဝါဒနှင့် အကြောင်းအကျိုး၊ အကောင်းအဆိုး ဆင်ခြင်တွေးခေါ်တတ်မှုကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သခင်ပေါက်စအရွယ်ကပင် ရှင်းလင်းဖွင့်ဆိုခဲ့သည်များကို မှတ်သားရမည်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလက "ယခုလက်ရှိ ဝန်ကြီးတွေ အုပ်ချုပ်ရေးမကောင်းသည်ကို အပထား၍ အုပ်ချုပ်ရေးအရ လုပ်သမျှ ဖန်တီးသမျှကို ထိထိရောက်ရောက် လုပ်တတ်ခြင်းမရှိ၊ ပညာရေးဝန်ကြီးချုပ်ဆိုသူတစ်ဦးနှင့် တွေ့ဖူး၏။ မိမိကိုယ်ကို နာမည်ကြီးအောင်၊ ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်၊ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏။ တိုင်းပြည်ရဲ့ အနာဂတ်က ဘာလဲ၊ တိုင်းပြည်ရဲ့ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ လောကနိဗ္ဗာန်လမ်းဟာ ဘယ်လိုရှိသလဲဟု စိတ်ကူးမှာ မကူးတတ်၊ စိတ်ကူးရန်မှာ ဝါဒအရင်းခံဖြစ်၏" ဟု ပြောကြားခဲ့သည်။

နိုင်ငံရေးနှင့်ဝါဒ ခွဲခြား၍မရ၊ ဝါဒရှိရမည်ဟု ဗိုလ်ချုပ်က ပြောကြားခဲ့သည်။ ဝါဒဆိုသည်မှာ သူ့ခေတ်၊ သူ့ဒေသ၊ သူ့အခြေအနေအလျောက် ပေါ်လာရသည်ဟုဆိုသည်။ ထိုခေတ်ထိုကာလက တိုင်းပြည်ကို အုပ်ချုပ်ကြသော်လည်း ယောင်ဝါးဝါး လုပ်ကြခြင်းကို ဝါဒအခြေခံမရှိကြောင်း မီးမောင်းထိုးပြခဲ့သည်။ လောကတွင် ကြုံကြိုက်နှစ်သက်ရာ ဘာသာအလျောက် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဤကဲ့သို့ပင် နိုင်ငံရေးတွင် ထပ်တူဖြစ်သည်။ ဝါဒတူလျှင် နိုင်ငံရေးဝါဒများ ကွဲမည်မဟုတ်ပေ။ ဝါဒမတူ၍သာ ကွဲကြပြဲကြခြင်းဖြစ်သည်။ ညီညွတ်ရေးစကားပြောကြသော်လည်း ညီညွတ်ရေးအစစ်မဟုတ်၊ တိုင်းပြည်အတွက်လုံးဝမကောင်း၊ ဤညီညွတ်ရေးမျိုးကား ရှိသည်ထက် မရှိခြင်းက ပိုကောင်းသည်ဟု ဗိုလ်ချုပ်က ပြောကြားခဲ့သည်။

အကြောင်းနှင့်အကျိုးသည် မစပ်မဆိုင်ကြသည်မဟုတ်၊ စပ်ဆိုင်ကြသော သဘောဖြစ်ပေသည်။ အကြောင်းနှင့်အကျိုးစပ်ဆိုင်ကြသော သဘောအားဖြင့် အဝိဇ္ဇာသင်္ခါရ အစရှိသော အကြောင်းအကျိုးတို့သည် အကြောင်းအကျိုးတို့၏ နှစ်ခုအကြား စပ်ခြင်းသဘောတစ်ခုတည်းအားဖြင့် ဖြစ်၏ဟုဆိုသည်။ ပညာတတ်တာနှင့် စာတတ်တာဟာ တခြားစီဟူ၍ မြန်မာများ ပြောလေ့ပြောထရှိသည်။ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်သည်ဖြစ်စေ၊ ပဋ္ဌမကျော်ဘွဲ့အေဖြစ်စေ၊ သဘောမပေါက်လျှင်၊ ပရမတ်မခွဲတတ်လျှင် ရပ်လမ်းမမြင်၊ ဝိမုတ္တိရသကိုလည်းမတွေ့၊ သံသရာကျင်လည်သကဲ့သို့။ သာမညရာဇဝင်ပညတ်နှင့် ရာဇဝင်ဖြစ်ကြောင်းတရားဖြစ်သည့် ပရမတ်ကို ခွဲခြားမသိခဲ့လျှင် ရာဇဝင်သင်ရကျိုးမနပ်၊ ထိုသူသည် လောကပြဿနာများကို မဖြေရှင်းနိုင်ဟု ဆိုခဲ့သည်။

လူတိုင်းလူတိုင်းမှာ ယနေ့နှင့် မနက်ဖြန်ကို ဘာဖြစ်မည်၊ ဖြစ်လျှင် ဘယ်လို၊ ဘာကြောင့်၊ ဖြစ်လျှင် ဘယ်လိုစီမံနိုင်ပါ့မလား၊ ကိုယ်လိုချင်တာက ဘာလဲ၊ စီမံ၍ရပါ့မလား။ ဤအချက်များကို သိရန် အတိတ်အကြောင်းလှန်၍ သုံးသပ်ရပေမည်။ ထိုအတိတ်ကြောင်းအရ သိရသောဉာဏ်အမြင်နှင့် ရှေ့အနာဂတ်အရေး လမ်းကို မှန်းဆတီထွင်ရပေမည်။ ထိုအကြောင်းအရာများမှာ ဗိုလ်ချုပ်အောင်ဆန်းဘဝ မရောက်မီ ကျောင်းသားအရွယ် သခင်အောင်ဆန်းဘဝ၌ မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ သုံးသပ်ခဲ့သော သဘောတရားအယူအဆများဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်အယူအဆများသည် မျက်မှောက်ကာလထိတိုင် မှန်ကန်နေသည့် အတွေးအမြင်အယူအဆများ ဖြစ်၍နေပေသည်။

ယခင် တိုင်းပြည်အကျိုးကို ဆောင်ကြဉ်းခဲ့ကြသူများအနေဖြင့် စစ်မှန်သော ညီညွတ်ရေးကို မဆောင်ရွက်နိုင်၊ တိုင်းပြည်အုပ်ချုပ်ရာတွင်လည်း ယောင်ဝါးဝါးနှင့် အုပ်ချုပ်ခဲ့ကြသည်။ စစ်မှန်သည့် နိုင်ငံရေးဝါဒကို မဖော်ဆောင်နိုင်ဘဲ အာဏာလက်ဝယ်ပိုင်ပိုင်ခိုင်ခိုင်ရရေး ကိုယ်ကျိုးစီးပွားဝါဒကိုသာ ဖော်ဆောင်ခဲ့ကြသည်။ ကိုယ်တိုင်လည်း ကြောင်းကျိုးဆက်စပ်ဆင်ခြင်ကာ ရှေ့ရေးကိုမြော်တွေးစဉ်းစားလုပ်ကိုင်နိုင်ခြင်းမရှိဘဲ ပြည်သူများအား တစ်လမ်းသွားရောက်အောင် ပုံဖော်ပေးခဲ့သည်။ တိုင်းပြည်အကျိုးအတွက် ရိုးသားစွာဆောင်ရွက်ခြင်းမရှိဘဲ အာဏာဖီဆန်ရေး လမ်းကြောင်းဖြင့် ပျက်စီးရာပျက်စီးကြောင်း ဖန်တီးခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်အကျိုးဆောင်ကြဉ်းမည့် စစ်မှန်သော နိုင်ငံရေးဝါဒနှင့် တိုင်းပြည်အပေါ် ထားရှိရမည့် ခံယူချက်များသည်ကား တိုင်းပြည်ကောင်းကျိုးကို ရှေးရှုသော တူညီသည့်နိုင်ငံရေးဝါဒထားရှိခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးနှင့် ပတ်သက်ပါက အကြောင်းအကျိုး၊ အကောင်းအဆိုးခွဲခြားရှုမြင်၍ တွေးခေါ်မြော်မြင်စဉ်းစားဆင်ခြင်နိုင်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal ၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၄-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁၈ | ၁၆၉,၂၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၂ | ၇,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၂၂၃ | ၄,၇၉၄,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၅ | ၄၁,၂၅၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၂.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၃၂.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၃၅.၄၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၈.၈၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၈၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၇.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၄၉.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ တွဲဖက်ရွှေကျင် သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။

**✳ ရှေ့ဖုံးမှ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

**ဘွဲ့တော်သမုတ်**

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် အခမ်းအနားမှူးက သီတဂူဆရာတော်ကြီးနှင့် **သြဝါဒါစရိယ ဆရာတော်ကြီးများ၏ ရွေးချယ်ညွှန်ပြ သြဝါဒတော်များနှင့်အညီ ဘူမိဖဿမုဒြာထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား "မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" "MARAVIZARA"ဟု ဘွဲ့တော် သမုတ်ပူဇော်**ပါကြောင်း သုံးကြိမ်တိုင်တိုင် လျှောက်ထားရာ သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဘုရားဒါယကာ၊ ဒါယိကာမများက ဝမ်းမြောက် ကြည်ညိုစွာဖြင့် သာဓုသုံးကြိမ် ခေါ်ဆိုတော်မူကြသည်။

ယင်းနောက် သြဝါဒဆရာတော်ကြီးများက မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူကြပြီး သီတဂူဆရာတော်ကြီးက "မာရဝိဇယ" ဘွဲ့တော်နှင့် လျော်ညီစွာ အဋ္ဌဇယ မင်္ဂလာဂါထာတော်များဖြင့် ပူဇော်သည်။

ထို့နောက် ဘုရား ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရတနတ္တယပူဇာဂါထာ၊ ဘုရားဂုဏ်တော် ၉ ပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

**ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်**

ဆက်လက်ပြီး "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)အား သြဝါဒဆရာတော်ကြီးများ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရားဒါယကာများက ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)ကို အပူဇော်ခံမည့် နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ရာ ဝတ်အသင်းအဖွဲ့များက အရပ်ဆယ်မျက်နှာ မေတ္တာပို့လင်္ကာများဖြင့် မေတ္တာဘာဝနာပွားများ ပူဇော်ခဲ့ကြသည်။

**တင်ပြလျှောက်ထား**

အခမ်းအနားအပြီးတွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ စကျင်ကျောက်တော်ကြီး ထုတ်လုပ်ရေးနှင့်သယ်ယူပင့်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းအကျဉ်း၊ ဆရာတော်ကြီးများထံမှ သြဝါဒခံယူဆောက်တည်ခဲ့မှု၊ သယ်ယူပင့်ဆောင်ခဲ့မှု အခြေအနေများ၊ တည်ဆောက်ပူဇော်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများကို Power point Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြလျှောက်ထားသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး လုပ်ဆောင်ခဲ့မှုအခြေအနေများကို ထပ်မံဖြည့်စွက်လျှောက်ထားတင်ပြသည်။

**စာမျက်နှာ ၄ သို့** ❂

**ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ ဆင်းတုတော် အပိုင်း(၁)သည် ကျောက်သားတန်ချိန် (၁၀၉၀) ရှိပြီး ၎င်းစကျင်ကျောက်တုံးတော်ကြီးအား သယ်ပိုးပင့်ဆောင်ထားသော သံမဏိသံငြမ်းစင်(၆၂)တန်၊ စုစုပေါင်းတန်ချိန် (၁၁၅၂)တန်ရှိကြောင်း၊ မှတ်တမ်းများအရ ယခုပင့်ဆောင်ခဲ့သည့် စကျင်ကျောက်တော်ကြီးသည် ကမ္ဘာပေါ်၌ မော်တော်ယာဉ်ဖြင့် ကျောက်သားများ ရွှေ့ပြောင်းရာတွင် အကြီးမားဆုံးနှင့် အလေးချိန်(တန်ချိန်) အများဆုံးရွှေ့ပြောင်းမှုဖြစ်**

❂ စာမျက်နှာ ၃ မှ

တင်ပြလျှောက်ထားမှုများအပေါ် ဆရာတော်ကြီးများက ဩဝါဒစကားများ အသီးသီးပြန်လည် အကြံပြုမိန့်ကြားတော်မူကြသည်။

**ပြင်ဆင်ထားရှိ**

ထို့နောက် “မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး” အားတည်ထားကိုးကွယ်မည့်ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များ၊ ရုပ်ပွားတော်ကြီးပုံစံငယ်များ၊ ရောက်ရှိပြီးဖြစ်သည့် ကျောက်တော်ကြီးများ နေရာချထားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပလ္လင်တော်အောက်ခြေပိုင်စိုက်ဖောင်ဒေးရှင်းဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်နှင့် သာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်ရန် ပြင်ဆင်ထားရှိသည့် အခြေအနေများအား ဩဝါဒဆရာတော်ကြီးများက လိုက်လံကြည့်ရှုကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါ နေပြည်တော်တွင်တည်ထားကိုးကွယ်မည့် “မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး” ကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ **“မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး” ဟူသည့်အမည်နာမကိုသမုတ်ရာတွင် “မာရ်နတ်မင်း၏ အနှောင့်အယှက်ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား”ဟု အဓိပ္ပာယ်ရပါကြောင်း၊** ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ရာတွင်လည်း မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဖဿ မုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော် အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေအမြင့်ရှိမည်ဖြစ်ကြောင်း၊ ပလ္လင်တော်နှင့် ဆင်းတုတော်အစိတ်အပိုင်းများကို ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ခုနစ်ကြိမ်ခွဲ၍ ပင့်ဆောင်ရမည်ဖြစ်ပြီး ယခုအကြိမ် ရောက်ရှိခြင်းသည် ဆဋ္ဌမအကြိမ်ဖြစ်ကြောင်းနှင့် **ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ ဆင်းတုတော် အပိုင်း(၁) သည် ကျောက်သားတန်ချိန် ၁၀၉၀ ရှိပြီး ၎င်းစကျင်ကျောက်တုံးတော်ကြီးအား သယ်ပိုးပင့်ဆောင်ထားသော သံမဏိ သံပြွမ်းစင် ၆၂ တန် စုစုပေါင်း တန်ချိန် ၁၁၅၂ တန်ရှိကြောင်း၊ မှတ်တမ်းများအရ ယခုပင့်ဆောင်ခဲ့သည့် စကျင်ကျောက်တော်ကြီးသည် ကမ္ဘာပေါ်၌ မော်တော်ယာဉ်ဖြင့် ကျောက်သားများ ရွှေ့ပြောင်းရာတွင် အကြီးမားဆုံးနှင့် အလေးချိန် (တန်ချိန်) အများဆုံး ရွှေ့ပြောင်းမှုဖြစ်ကြောင်း** သိရသည်။

ယခုတည်ထားကိုးကွယ်မည့် “မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး”အား တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁)ကို ပင့်ဆောင်တော်မူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလမှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်နေသည့် ပြည်နယ်/ခရိုင်/မြို့နယ်ကုသရေးနှင့် ကျန်းမာရေး ဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက ချီးမြှင့်ငွေနှင့်ပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့

**နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့်အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေး ဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေးပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် COVID -19 ရောဂါဖြစ်ပွားခဲ့ကြောင်း၊ COVID -19 ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည်ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာအဖွဲ့အစည်းများက မျက်နှာသာပေး ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၂**

ရှမ်းပြည်နယ် လားရှိုးမြို့တွင် ရောက်ရှိလျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး စုပေါင်းခန်းမ၌ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံသည်။



**အသေးစိတ်မှာကြားခဲ့**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့် အခြေအနေများ၊ လက်ရှိနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ၊ နိုင်ငံတော်အတွင်း ဆန္ဒပြမှုအခြေအနေမှ ဆူပူဆန္ဒပြမှု၊ ယင်းမှ အကြမ်းဖက်လှုပ်ရှားဆောင်ရွက်မှုများ၊ ထိုအဆင့်မှ အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လာမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အေးချမ်းလုံခြုံမှုကိုလိုလားသည့် ပြည်သူလူထု၏ မျက်နှာကိုထောက်ရှု၍လူစုလူဝေး ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရေး ရဲတပ်ဖွဲ့ဝင်များဆောင်ရန်/ ရှောင်ရန်ကိစ္စရပ်များ၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်ရေးကိစ္စရပ်များ၊ ကောလာဟလများ ထုတ်လွှင့်နေမှုများကို ဂရုပြုရှောင်ကြဉ်ရေး စသည်တို့ကို အသေးစိတ်မှာကြားခဲ့ပြီး မိသားစုများအား ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ ကြက်ဥစသည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များကို တွေ့ဆုံ၍ နိုင်ငံတော်၏ လက်ရှိအခြေအနေအရပ်ရပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များ၊ ဆူပူအကြမ်းဖက်အဖွဲ့အစည်းများ၏ အဖျက်အမှောင့် ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေး ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် အစီအမံများ၊ ဌာနဆိုင်ရာများ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် တင်ပြလာသည့် လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၂ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၂ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website:https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေ

ကိုထွန်းခင်

အာစရိယဂုဏော အနန္တော- အနန္တောအနန္တ ငါးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော ဆရာသမားတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့သည် အဆုံးမရှိ ကျယ်ဝန်းလှပါ၏။

**ဂုဏ်ကျေးဇူးကြီးမား**

နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ ပယ်စွန့်ခွာ၍၊ ခေမာဘုမ္မိ၊ ဘေးမရှိသည့်၊ သန္တိသုခ၊ မုချကေန်၊ နိဗ္ဗာန်အရောက်၊ ညွှန်ထောက်သွန်သင်၊ ပွဲပြင်ပေးတတ်၊ ဆရာမြတ်ကို၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒာမိ - သဒ္ဒါညွှတ်ကျိုးလွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ဟု မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကြီးမားသည့်အတွက် အနန္တော အနန္တ ငါးပါးနှင့် တစ်ဂိုဏ်းတည်းထားကာ နေ့စဉ် ရှိခိုးကန်တော့ရခြင်း ဖြစ်ပါသည်။

**ငြိမ်းချမ်းစွာဆန္ဒပြမှုမှသည် ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ဖြစ်ပွားလာခဲ့သည်။ ကလေးသူငယ်များအား လူအများ ထိခိုက်ဒဏ်ရာရရှိစေသည့် လက်နက်များကို ကိုင်ဆောင်စေခြင်း၊ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ရန် အားပေးအားမြှောက်ပြုလုပ်ကာ ငွေကြေး၊ ဆုလက်ဆောင်ပေးခြင်းများဖြင့် မက်လုံးပေးစည်းရုံးခြင်း၊ စိတ်ကြွဆေး၊ မူးယစ်ဆေးများ တိုက်ကျွေးခြင်း၊ ကော်ရှူစေခြင်းတို့ဖြင့် လူငယ်တို့ကို ပုံမှန်အသိစိတ်မှ ကင်းလွတ်စေပြီး သွေးဆူကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ဆောင်ရန် စေခိုင်းကြ။**

ငယ်စဉ်က စာရေးသူ၏ အဘွားထံမှ ကြားဖူးနေကျ ဖြစ်ရပ်တစ်ခုကို အမှတ်ရမိပါသည်။ အဘွား၏သူငယ်ချင်း ခင်မေကြီးဆိုသည့် ကျောင်းသူလေးတစ်ဦးအကြောင်း ဖြစ်ပါသည်။ ခင်မေကြီးက ကျောင်းတက်ရမည်ကို အလွန်ပျင်းပါ၏။ ကျောင်းတက်ရမှာ ပျင်းသည့်အတွက် စာသင်ပေးနေသည့် ဆရာကို နေ့စဉ် ကျိန်ဆဲပါသည်။ သူ၏ ကျိန်ဆဲမှုများကြောင့် ဆရာမှာ ဘာမှ မဖြစ်သွားသော်လည်း ထိုကလေးမလေးသည် အသက်ရှည်ရှည်မနေရဘဲ ငယ်ရွယ်စဉ်မှာပင် ရောဂါတစ်ခု ကပ်ငြိပြီး အသက်ဆုံးရှုံးသွားသည်ဟု ဆိုပါသည်။

ထိုဖြစ်ရပ်ကို အဘွားက အိပ်ရာဝင်ပုံပြင်အဖြစ် မကြာခဏပြောပြခဲ့ပြီး "ဆရာသမားဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထား ကိုးကွယ်ရမယ်၊ မပြစ်မှား မစော်ကားရဘူး၊ မပြစ်မှား မစော်ကားသင့်သူကို ပြစ်မှားစော်ကားမိရင် အသက်တိုတတ်တယ်" ဟု ဆုံးမခဲ့ဖူးသည့်အတွက် ယနေ့တိုင်နားထဲစွဲမြဲနေပါသည်။

မဃဒေဝလင်္ကာတွင် ဆရာ့ဂုဏ်ကို "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလေ့" ဟု ဖွင့်ဆိုထား၏။

ပထမအရွယ်ပညာရှာချိန်တွင် ဆရာတို့ချော့ကာ၊ ခြောက်ကာ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများဖြင့် ဒုတိယအရွယ်နှင့် တတိယအရွယ်တို့တွင် ဘဝရပ်တည် အသက်မွေးကြရသည်။ မြတ်ဆရာတို့ သင်ကြားပေးလိုက်သည့် ပညာတွေကြောင့်သာ လူလောကအလယ် မပင်မပန်း၊ မနွမ်းမနယ်၊ အထက်တန်းကျကျ မျက်နှာပန်းလှလှ ရပ်တည်ရှင်သန်နိုင်ခြင်းဖြစ်ပါသည်။ ရှာဖွေ၍ရသမျှ စည်းစိမ်ဥစ္စာတို့သည် ငယ်ရွယ်စဉ်က ပညာသင်ကြားပေးခဲ့ကြသည့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကြောင့်ဟု ဆိုရပါမည်။

**ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်**

ထို့အတူ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော၊ အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန် အခြေခံမှာလည်း အတန်းပညာတတ်မြောက်မှ ဖြစ်လိမ့်မည်။

သို့သော် ပြီးခဲ့သည့်ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသောကြောင့် စာသင်ကျောင်းများကို ပိတ်ထားခဲ့ရပြီး ကျောင်းသားကျောင်းသူများသည် ပညာသင်ခွင့် မရသည့်အတွက် နိုင်ငံနှင့်ပြည်သူ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများမှာ နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံတော်အာဏာကို တပ်မတော်မှ ထိန်းသိမ်းရယူလိုက်ချိန်မှ စတင်ကာ ပြည်သူများ လမ်းပေါ်သို့ ရောက်ရှိလာအောင်၊ နိုင်ငံရေးအပေါ် သိတတ်နားလည်မှု မရှိသေးသော အပြစ်ကင်းစင်သည့်အရွယ် ကျောင်းသား ကျောင်းသူများကို ဆူပူဆန္ဒပြမှုဖြစ်စဉ်တွင် ပါဝင်လာအောင် နိုင်ငံရေးသမားအရေခြုံတို့က ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော်ကြသည်။

**ငြိမ်းချမ်းစွာဆန္ဒပြမှုမှသည် ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ဖြစ်ပွားလာခဲ့သည်။ ကလေးသူငယ်များအား လူအများ ထိခိုက်ဒဏ်ရာ ရရှိစေသည့် လက်နက်များကို ကိုင်ဆောင်စေခြင်း၊ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ရန် အားပေးအားမြှောက်ပြုလုပ်ကာ ငွေကြေး၊ ဆုလက်ဆောင်ပေးခြင်းများဖြင့် မက်လုံးပေးစည်းရုံးခြင်း၊ စိတ်ကြွဆေး၊ မူးယစ်ဆေးများ တိုက်ကျွေးခြင်း၊ ကော်ရှူစေခြင်းတို့ဖြင့် လူငယ်တို့ကို ပုံမှန်အသိစိတ်မှ ကင်းလွတ်စေပြီး သွေးဆူကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ဆောင်ရန် စေခိုင်းကြသည်။**

ကျောင်းသား ကျောင်းသူများသည် တရားမဲ့ပါတီနိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးမှိုင်းတိုက်မှုများကြောင့် ဆူပူအုံကြွမှုများတွင် ရှေ့တန်းမှပါဝင်လာပြီး ကိုယ်ကျိုးရှာသူများ၏ အသုံးချခံဖြစ်လာကာ ၎င်းတို့ကို ပညာသင်ကြားပေးမည့် ဆရာ ဆရာမများကိုပင် ရန်သူသဖွယ် ထင်မြင် ပြုမူနေကြ၏။

ကျောင်းသား ကျောင်းသူ၊ လူငယ်မောင်မယ်တို့ကို ပညာပြည့်ဝ နှလုံးသားလှအောင် လမ်းညွှန်ပြသသင်ကြားပေးနေသူ ဆရာ ဆရာမများကို စာမသင်နဲ့ဆိုကာ ကျောင်းတံခါးများ ပိတ်ထားရလေအောင် နှောင့်ယှက်ဟန့်တားကြလေ၏။

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ဆိုသည်နှင့်အညီ ဘယ်လိုအခြေအနေမျိုးမှာမဆို မြတ်ဆရာတို့ စာသင်ကြားပေးနေခြင်းသည် ကျင့်ဝတ်ဖောက်ဖျက်နေခြင်းမဟုတ်၊ ဆရာ့တာဝန်ကို လေးစားလိုက်နာခြင်းသာ ဖြစ်ပါသည်။

မြန်မာလူငယ်များသည် အနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများကို ကျောင်းတက်လို့၊ CDM မှာ မပါဝင်လို့ "လူသတ်ကောင်ကို ကျွန်ခံတဲ့ Non CDM အလိုမရှိ၊ ဆ- ဆရာမ ...မ။ ဆ-ဆရာကြီး . . . ကြီး" စသည်ဖြင့် ဆဲဆိုကြပါ၏။ ဝေဖန်အပြစ် ပြောရဲကြ ပါ၏။ ဆရာ ဆရာမတွေကို ဓာတ်ပုံရိုက်၊ ဗီနိုင်းဖောက်ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တင် အရှက်ခွဲပါ၏။ Social Bullying လုပ်ကြပါ၏။

ကျောင်းသားအရွယ်လူငယ်များသည် မိမိတို့ ပညာသင်ကြားရေးကို အထောက်အပံ့ပြု စီမံခန့်ခွဲနေသည့် မြို့နယ်ပညာရေးမှူးရုံးကိုပင် လက်လုပ်ဗုံးပစ်ခြင်းများအထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။ လူနေရပ်ကွက်များအတွင်း မသင်္ကာသူများကို ခေါ်ထုတ်စစ်ဆေးကာ သူခိုး၊ ဒလန်၊ သူလျှိုစသည်ဖြင့် အမည်အမျိုးမျိုးတပ်ကာ အပြစ်ပေးသည့်အနေဖြင့် နှိပ်စက်သတ်ဖြတ်ကြသည်။

**ပညာရေးဝန်ထမ်းများ**

CDM တွင် ပါဝင်ခြင်းမရှိသည့် ပညာရေးဝန်ထမ်းများကို CDM တွင် ပါဝင်လာစေရန်၊ ဆန္ဒပြသည့် လူစုလူဝေးများတွင် ပါဝင်လာစေရန်၊ ပညာရေးဝန်ထမ်းများကို မွမ်းမံသင်တန်းများ တက်ရောက်ခြင်း မပြုရန် လူမှုကွန်ရက်များမှ စည်းရုံးလှုံ့ဆော်နေကြသည်။

အာဏာရရန်၊ ပြိုင်ဘက်များကို ဖယ်ရှားနိုင်ရန် လူငယ်များအား မှိုင်းသွင်းပြီး မြှောက်ပေး၊ သွေးထိုးပေးနေခြင်းများကြောင့် အချို့ဆိုလျှင် ဆပ်၍မကုန်နိုင်သည့် ကျေးဇူးတရားကြီးမားလှသည့် မိဘအရင်းကိုပင် တပ်မတော်သားဖြစ်နေသည့်အတွက်၊ ယုံကြည်ချက်မတူသည့်အတွက် ရန်သူသဖွယ် သတ်မှတ်လိုက်သည့် သားသမီးများ၊ မိဘအဖြစ်က စွန့်လွှတ်သည့် ဖြစ်စဉ်ဖြစ်ရပ်များအထိ စိတ်မကောင်းဖြစ်ဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ် တွေ့မြင်လာရသည်။

နိုင်ငံရေးအယူအဆတစ်ရပ်၏ သိမ်းသွင်းမှုကြောင့် ဂျန်နရေးရှင်းဇက်တို့၏ Social Bullying၊ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်သည် အပြုသဘောထက် အပျက်သဘောသို့ ဦးတည်ကာ ဒီမိုကရေစီလမ်းကြောင်းနှင့် ဖီလာဆန့်ကျင်နေ၏။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် သူတစ်ပါး၏ ညွှန်ကြားစေခိုင်းမှုအတိုင်း ကြိုးဆွဲရာလိုက်ပါပြီး ကိုယ်ပိုင်ရပ်တည်ချက် ပျောက်ဆုံးနေကြသည်။

ပညာသင်ကြားရမည့်အရွယ်တွင် ဝါဒမှိုင်းများကြောင့် မှောင်မိုက်ကာ ရည်ရွယ်ချက်များ ပျောက်ရှနေကြသည်။ ကျေးဇူးပြုဖူးသူများကိုပင် အမြင်မတူသည့်အတွက် ရန်သူသဖွယ် ချေမှုန်းတိုက်ခိုက်လာကြ၏။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးနှင့် မိမိတို့အား ပညာအလင်းပေးမည့် ကျေးဇူးရှင်မြတ်ဆရာတို့ကို အမြင်၊ အကြားဖြင့် မှားတယ်၊ မှန်တယ် ဆုံးဖြတ်လုပ်ကိုင်နေကြသည်။

ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသည့် မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မတွေးရဲစရာ၊ အပါယ်ငရဲကျနိုင်သည့် လုပ်ရပ်များအထိ တရားလက်လွတ်ကျူးလွန်လာကြသည်။ အနန္တောအနန္တငါးပါးကို ပြစ်မှားကျူးလွန်မိသူသည် ပစ္စုပ္ပန်သာမက သံသရာအထိပါ အကျိုးဆုတ်ယုတ်ပျက်စီးနိုင်သည်ကို လူငယ်မောင်မယ်တို့ သတိမမူနိုင်ကြတော့ပြီ။

အနာဂတ်၏ ခေါင်းဆောင် လူငယ်အပေါင်းတို့သည် အမှားကိုသိလျှင် အမှန်ပြင်ဖို့ရာ နောက်မတွန့်သင့်ပါ။ နောင်မှတသည့် မိုက်နောင်တ မဖြစ်ရန်မှာ အချိန်မီလမ်းမှန်ပေါ်သို့ ရောက်အောင် ရုန်းထွက်သင့်ပါသည်။

အဓမ္မကို ဓမ္မအဖြစ် ရှုမြင်ကာ အဓမ္မတရား မကြီးစိုးစေရေးအတွက် လူငယ်တို့သည် အသေဝနာစ ဗာလာနံ လူမိုက်ကို ရှောင်ကြဉ်ခြင်း၊ ပဏ္ဍိတာနဉ္စ သေဝနာ ပညာရှိသူတော်ကောင်းကို ပေါင်းသင်းခြင်း၊ ပူဇာစ ပူဇနေယျာနံ- ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

**ပညာသင်ကြားရမည့်အရွယ်တွင် ဝါဒမှိုင်းများကြောင့် မှောင်မိုက်ကာ ရည်ရွယ်ချက်များ ပျောက်ရှနေကြသည်။ ကျေးဇူးပြုဖူးသူများကိုပင် အမြင်မတူသည့်အတွက် ရန်သူသဖွယ် ချေမှုန်းတိုက်ခိုက်လာကြ၏။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးနှင့် မိမိတို့အား ပညာအလင်းပေးမည့် ကျေးဇူးရှင်မြတ်ဆရာတို့ကို အမြင်၊ အကြားဖြင့် မှားတယ်၊ မှန်တယ် ဆုံးဖြတ်လုပ်ကိုင်နေကြ။**

# ရင်းနှီးမြှုပ်နှံမှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၁၂**

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကြုံတွေ့နေရသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အစိုးရဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးသည် နိုင်ငံတော်အတွက် အရေးကြီးသော ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံ့စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးကို ရည်ရွယ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ လွန်ခဲ့သောနှစ်က ၄၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ယခု ၂၀၂၁ ခုနှစ်တွင် ၅-၁၀ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အတားအဆီးနှင့် စိန်ခေါ်မှုဖြစ်စေသည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင် အဖွဲ့အစည်း၊ ဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နိုင်ငံ၏လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လာမည်ဖြစ်ပါကြောင်း။

**အဓိကအခန်းကဏ္ဍမှပါဝင်**

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် လက်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် အခက်အခဲများကို ယနေ့ အစည်းအဝေးတွင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားကြရန် ဖြစ်ပါကြောင်းနှင့် မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်တင်ပြသွားကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၏ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၊ လုပ်သားများ လုံခြုံစိတ်ချစွာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရေးနှင့် စက်ရုံများ လုံခြုံစွာလည်ပတ်နိုင်ရေးကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အလုပ်သမားရေးရာကိစ္စရပ်များအပေါ် အကျယ်တဝင့် ဆွေးနွေးကြပြီး မိမိတို့ဌာနအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေကြသော အားကစားသမားများအား တွေ့ဆုံ၊ ရန်ကုန်မြို့နှင့် စစ်တွေမြို့ရှိ အားကစားကွင်း/ရုံများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက်တွင် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အင်းယားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြသော လှေလှော်အားကစားသမားများကို တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး အားကစားသမားများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းနှင့် နည်းပြများ၊ အားကစားသမားများကိုတွေ့ဆုံအားပေးစကားပြောကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သုဝဏ္ဏ အားကစားပြိုင်ကွင်းအတွင်း တည်ဆောက်လျက်ရှိသော အားကစားသမား တည်းခိုဆောင်နှင့် ထမင်းစားဆောင်၊ မီးဖိုတို့ တည်ဆောက်နေမှုကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)(သုဝဏ္ဏ) အကြီးစားပြုပြင်နေမှုများကို လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် စစ်တွေမြို့သို့ သွားရောက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)တည်ဆောက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**အားကစားနည်းခြောက်မျိုး**

အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ)ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်ရန် လျာထား၍ သုံးထပ်သင်တန်းသား/သင်တန်းသူ အိပ်ဆောင် နှစ်လုံး၊ ထမင်းစားဆောင်၊ အားကစားလေ့ကျင့်ရေးရုံ လေးလုံး၊ ဘောလုံးအားကစားကွင်း နှစ်ကွင်း၊ ကျောင်းအုပ်ချုပ်မှု နှစ်ထပ်ရုံး၊ နှစ်ထပ်စာသင်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများပါဝင်ပြီး ငွေကျပ်သန်း ၃၀၀၀ ခန့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကာ ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းမှ အရည်အချင်းကိုက်ညီသူ သင်တန်းသား /သင်တန်းသူ ၂၅၀ အထိ ရွေးချယ်လက်ခံ၍ နိုင်ငံတော်အထောက်အပံ့ဖြင့် အားကစားနည်း ခြောက်မျိုး သင်ကြားလေ့ကျင့်ပေးသွားမည့်အပြင် အခြေခံပညာအထက်တန်းအောင်မြင်သည်အထိ ပညာသင်ကြားပေးပြီး ထူးချွန်သူများကို B.Sc(Sports) ဘာသာရပ်ဖြင့် တက္ကသိုလ်ပညာဆက်လက်သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ရှိ ဧဝတီအားကစားကွင်းအတွင်း ဘောလုံးကွင်း အဆင့်မြှင့်ပြင်ဆင်နေမှုနှင့် Synthetic ရာဘာပြေးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စစ်တွေမြို့ရှိ ပြည်နယ်/ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ အားကစားကွင်း/ရုံများ ထိန်းသိမ်းရေး၊ အားကစားရုံပြင်ပ အားကစားပြိုင်ပွဲများကျင်းပရေး၊ COVID-19 ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နွေရာသီ အားကစားသင်တန်းများတွင် မြန်မာ့သိုင်း၊ ခြင်းလုံးနှင့် အခြားအားကစားနည်းများ သင်ကြားလေ့ကျင့်ပေးနိုင်ရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ ဧဝတီအားကစားရုံရှေ့တွင် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ အစီအစဉ်ဖြင့် လေးဝတီကရာတေးဒိုကလပ်မှ နွေရာသီ ကရာတေးဒိုသင်တန်းဖွင့်လှစ်နေမှုအခြေအနေများနှင့် စစ်ကဲဘုန်းတော်ကြီးကျောင်းတွင် ရခိုင်ပြည်နယ် ရှမ်းကြီးသိုင်းနှင့် ဗန်ဒို (ပင်မ)ကလပ်၏ နွေရာသီသိုင်းသင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးပြီး လေ့ကျင့်ရေးအထောက်အကူပစ္စည်းများနှင့် အားကစားဝတ်စုံများထောက်ပံ့ပေးအပ်သည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် ရခိုင်ယူနိုက်တက်ကလပ်အသင်းကို ငှားရမ်းအသုံးပြုခွင့်ပေးထားသော စစ်တွေမြို့ ဝေသာလီအားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ခေတ်သစ်နယ်ချဲ့အလိုကျ ရူးရူးနှမ်းနှမ်းလိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။
မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲ တက်ရောက်






**နေပြည်တော် ဧပြီ ၁၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလနှင့် မတ်လတွင် တင်ပြရန်ရှိသည်များအတွက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဌာနဝန်ထမ်းများအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် အလေးထားဆောင်ရွက်နိုင်ရေးအတွက် မှာကြားလိုပါကြောင်း၊ ဌာနမှ ဝန်ထမ်းအချို့ CDM ပါဝင်လှုပ်ရှားမှုကြောင့် ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်း ပြစ်ဒဏ်များ ချမှတ်ခဲ့ရသည်များရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် CDM ပါဝင်လှုပ်ရှားမှုများအတွက် အပြစ်မယူသေးဘဲ စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းနေရာမှ မတ် ၁ ရက်နောက်ပိုင်း ပါဝင်ဆောင်ရွက်ခဲ့မှုများအတွက် ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကဲ့သို့ နိုင်ငံရေးပါဝင်လှုပ်ရှားသည့် ဝန်ထမ်းများအတွက် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းကို မလိုက်နာမှုများအပေါ် အရေးယူဆောင်ရွက်သကဲ့သို့ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြသည့် ဝန်ထမ်းများ၊ မိမိ၏လုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသည့် ဝန်ထမ်းများကိုလည်း ထိုက်သင့်သည့် ချီးကျူးဂုဏ်ပြုမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိဌာနဝန်ထမ်းများသည် နိုင်ငံတော်အတွက် အရေးပါသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေရသူများဖြစ်သည်နှင့်အညီ ဌာန၏အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအတွင်းရှိ နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ ဝင်/ထွက်သွားလာနေထိုင်ရေးအတွက် စနစ်တကျ ဂရုပြုဆောင်ရွက်ကြရန်၊ နိုင်ငံတွင်းရှိ ပြည်သူများအား ၎င်းတို့၏ နိုင်ငံသားဖြစ်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းများ တိကျမှန်ကန်စွာဆောင်ရွက်နိုင်ရေးတို့ကိုလည်း အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို အတတ်နိုင်ဆုံး အလေးထားဖြည့်ဆည်းပေးကြရန်လိုကြောင်း၊ ယခု ဆန္ဒဖော်ထုတ်ပွဲတွင်လည်း မိမိတို့၏လိုအပ်ချက်များ၊ ဌာနမှ ဖြည့်ဆည်းပေးရန်များကို ပွင့်ပွင့်လင်းလင်းတင်ပြပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ထို့နောက် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ယဉ်ဦးက ယခင်ကျင်းပခဲ့သည့် ဆန္ဒဖော်ထုတ်ပွဲတွင် ဝန်ထမ်းများတင်ပြမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် အထက်ဌာနမှ အမိန့်ညွှန်ကြားချက်များနှင့်ပတ်သက်၍ ဝန်ထမ်းများ သိသင့်သိထိုက်သည်များအား လိုက်နာဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဌာနအလိုက် တာဝန်ရှိသူများက တင်ပြကြရာ တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မကြာခင်ကျရောက်တော့မည့် မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားစေရေးအတွက် သွားလာနေထိုင်မှု ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရေးနှင့် ရုံးပြန်ဖွင့်သည့်အခါ လုပ်ငန်းခွင်သို့ တက်ကြွစွာ ပြန်လည်ဝင်ရောက်၍ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသည့် ဝန်ထမ်းများကို မြန်မာ့ရိုးရာမဟာသင်္ကြန် အထိမ်းအမှတ် သပြေခက်ဖြင့် အတာရေပက်ဖျန်းကြပြီး ပြည်ထောင်စုဝန်ကြီးသည် ရုံးဝန်ထမ်းအားလုံးအား ရွှေရင်အေးဖြင့် စတုဒိသာကုသိုလ်ပြု ကျွေးမွေးခဲ့သည်။

မွန်းလွဲ ၂ နာရီတွင် အလုပ်သမားရေးရာဆိုင်ရာဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကို အဆိုပါရုံး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဌာနတာဝန်ခံများက ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ဒုတိယအမြဲတမ်းအတွင်းဝန်က နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုနှင့်ပတ်သက်၍ လိုက်နာရမည့် စံသတ်မှတ်ချက်များကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အပြစ်ရှိသည့် ဝန်ထမ်းများအပေါ် အပြစ်ပေးအရေးယူသကဲ့သို့ တာဝန် ကျေပွန်စွာထမ်းဆောင်သော ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း စနစ်တကျ နေထိုင်သွားလာရေးနှင့် ရုံးများပြန်လည်ဖွင့်လှစ်သည့်အခါ တက်တက်ကြွကြွဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားပြီး ရုံးတွင်းရှိ ဝန်ထမ်းအားလုံးအား ရွှေရင်အေးဖြင့် စတုဒိသာကုသိုလ်ပြု ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်း ခရီးသွားရွာ ဖော်ဆောင်နိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားအနီး ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်လေ့ရှိသည့် ရန်ကုန် ရွှေတိဂုံပုံစံတူစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

**တွေ့မြင်ခံစားနိုင်**

အဆိုပါ စေတီတော်မှာ ၁၉၉၈ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ပြီး ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ၍ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှ မြို့၏ သဘာဝအလှအပများကို တွေ့မြင်ခံစားနိုင်သည့်အတွက် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော နေရာတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်း ခရီးသွားရွာ ၁၂ ရွာဖော်ဆောင်မည့် စီမံချက်များအနက် တစ်ခုဖြစ်သည့် တာချီလိတ် ခရိုင်အတွင်းရှိ ဟွေယုန်းကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။ အဆိုပါကျေးရွာသည် ဒေသခံ အာခါတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာနိုင်သော လူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism (CBT) ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာ ဖြစ်ကြောင်း သိရသည်။ ၎င်းကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ ကျော်တွင် တည်ရှိပြီး တောတောင်ရေမြေသဘာဝနှင့် ရှုမျှော်ခင်းများ ကြည့်ရှုခံစားနိုင်သည့်အပြင် လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအနေဖြင့် ကျေးရွာပတ်ဝန်းကျင် တစ်လျှောက်တွင် Trekking ပြုလုပ်နိုင်မည်ဖြစ်သည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်ခရိုင်အတွင်းရှိ Phalan Resort Hotel သို့ သွားရောက်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လွယ်စတုံကျေးရွာအတွင်း၌ ပြည်တွင်းခရီးစဉ်များ ပြန်လည်စတင်ချိန်တွင် ခရီးသွားဧည့်သည်များ လာရောက်အနားယူ အပန်းဖြေလည်ပတ်နိုင်မည့် ခရီးသွားဆွဲဆောင်ရာနေရာများ၊ လားဟူငါးကန်တို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူတွေရဲ့ နားနဲ့မျက်စိတွေ အမှန်ကိုမြင်နိုင်ကြားနိုင်ကြပါစေ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၃)

ဒေါင်

မနက်မိုးလင်းသည်နှင့် ကိုသံချောင်း အတော်ကို စိတ်ကသိကအောက် ဖြစ်နေရရှာပါတယ်။ တိုင်းပြည်အတွက်၊ အမှန်တရားအတွက်၊ ပြည်သူတွေအတွက်၊ ရပ်ကွက်သူ ရပ်ကွက်သားတွေအတွက် သူဘယ်လောက်ပြောပြော "ဟောရင်းသာ.. ပျံလွန်တော်မူရရှာတဲ့..ဆရာတော်ဘုရား" လို သူ့ပြောစကားများကို ရေပက်မဝင်ကြ။ အမှားတွေကိုပဲ အမှန်ထင်နေတတ်ကြတာ။ စဉ်းစားရင်း အိမ်ရှေ့လမ်းမထက်ဝယ် ကိုသံချောင်းတစ်ယောက် လမ်းထိပ်သို့ခြေဦးလှည့်ပါတယ်။

"ဆိုပါဦးရှင့် ရေးကြီးသုတ်ပျာနဲ့ ဘယ်သွားမလို့လဲ.." မစာဥက မေးလည်းမေးရင်း ကိုသံချောင်း သွားရာလမ်းမရှေ့ ဖြတ်၍တား၏။

"နိုင်ငံပိုင်သတင်းစာ သွားဝယ်မလို့ဗျ။ တိုင်းရေးပြည်ရေးမှာ ဖေ့စ်ဘွတ်ကသတင်းတွေက အမှန်လား၊ အမှားလားသိရဖို့က MRTV ကြည့်ရမယ်။ ပိုပြီးရှင်းလင်းအောင် နိုင်ငံပိုင်သတင်းစာဝယ်ဖတ်မယ်"

"ရှင်ကလေ ရပ်ကွက်ထဲက ဂျန်-ဇီတွေ ပြောတဲ့အတိုင်းဖြစ်နေပြီ။ အခုဆိုရင် ရပ်ကွက်ထဲက ကလေးတွေက ရှင့်ကို Cow Than Kyo ကိုသံချောင်း အပိုတွေသိပ်ကိုပြောဆိုပြီး ကွယ်ရာမှာရော၊ ဖေ့စ်ဘွတ်ပေါ်မှာပါ စကြနောက်ကြတယ်ရှင့်။ သတင်းတွေ သိချင်ရင် ပုဂ္ဂလိကလိုင်းတွေကြည့်လို့ရပါ့ရှင်။ တစ်နိုင်ငံလုံး ဘယ်နေရာမှာ ပစ်နေတယ်၊ ဘယ်နေရာမှာ ဆန္ဒပြနေတယ်၊ ဘယ်သူတွေက ဘယ်လိုလုပ်နေတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း ရှင်မြင်ရလိမ့်မယ်။ အဲဒါတွေကမှ သတင်းအမှန်တွေရှင့်"

"တော်ပါတော့မစာဥရယ်။ ခင်ဗျားတို့ တီဗွီလိုင်းတွေက ပြနေတဲ့ပုံရိပ်တွေ ကျွန်တော်ဖြင့် အော့နှလုံးနာလိုက်တာ။ ဆန္ဒပြတဲ့နေရာတွေက တဖြည်းဖြည်းနည်းလာတော့ ခင်ဗျားတို့ တီဗွီလိုင်းတွေ ခက်နေကြပြီကော မဟုတ်လား။ ဆန္ဒပြသူနည်းနည်းလေးကို အနည်းကပ်ဆွဲပြီးရိုက်၊ အဝေးပြကွက်လေးတစ်ကွက်နှစ်ကွက်ထည့်နဲ့ တက်ကြွတဲ့ ဘက်လိုက်မီဒီယာတွေပါဗျာ။ ကျွန်တော်အခုနိုင်ငံပိုင်သတင်းစာသွားဝယ်တာက အစိုးရဘာတွေလုပ်နေတယ်၊ ဘယ်လိုသွားနေတယ်၊ နိုင်ငံကို ဘယ်လိုစီမံအုပ်ချုပ်ကိုင်တွယ်နေတယ်ဆိုတာကို သိရအောင် ဝယ်ဖတ်မှာ။ ဒါတွေကို နားမထောင်ဘဲ ခင်ဗျားတို့ ဆန္ဒပြပွဲတွေ ဘယ်မှာဘယ်လိုဆိုတာချည်း လိုက်ကြည့်နေရုံနဲ့ ပြီးမလားဗျ။ အစိုးရ ဘယ်လမ်းကြောင်းက သွားတယ်၊ ဘယ်လိုရည်မှန်းချက်ထားတယ်၊ ဦးတည်ရာကဘယ်လိုဆိုတာသိရမှ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူတွေအားလုံး အခြေအနေမှန်ကို သိရမှာပေါ့ဗျာ"

"မလိုပါဘူး ကိုသံချောင်းရယ်။ ကျွန်မတို့က လွတ်လပ်တဲ့မီဒီယာကိုပဲ ယုံကြည်တယ်။ လွတ်လပ်တဲ့မီဒီယာကမှ မျှတပြီးဘက်မလိုက်မှာပေါ့ရှင့်"

"အမယ်လေးဗျာ။ လွတ်လပ်တဲ့ မီဒီယာ ဟုတ်လား။ ခင်ဗျားမသိဘူးလား။ လွတ်လပ်တဲ့ မီဒီယာလို့ ဆိုလိုက်ရင် အမှီအခိုကင်းရမယ်၊ ဘက်မလိုက်ဘဲ မျှတရမယ်ဗျ။ အခုဟာက အဖွဲ့အစည်းတစ်ခုခုရဲ့ လက်အောက်ခံမီဒီယာတွေဟာ ခင်ဗျားတို့လို လူတွေ သည်းခြေကြိုက် ဆန္ဒပြနေတာတွေ လွှင့်မယ်။ လူထုသွေးဆူလာအောင်၊ မျက်ရည်ကျလာအောင်၊ လမ်းပေါ်ထွက်လာအောင်နဲ့ နိုင်ငံပျက်စီးဖို့ တက်တက်ကြွကြွနဲ့ စုပေါင်းပြီး အများတွေ လုပ်ကြရအောင် မြှောက်ပေးနေတာမျိုးက ဘက်မလိုက်တဲ့မီဒီယာတဲ့လား မစာဥရယ်"

"ထားပါတော့ရှင်။ အစိုးရပိုင်တဲ့မီဒီယာတွေကရော အစိုးရကို မှီခိုတာမျိုးမဟုတ်ဘူးလားရှင့်။ အဲဒီတော့ အမှီအခိုမကင်းဘူး၊ ဘက်လိုက်ပြီး အစိုးရဘက်ကိုပဲ တစ်ဖက်စောင်းနင်းရေးတာမျိုး မဖြစ်နိုင်ဘူးလား"

"အဲဒါဆိုရင်တော့ နိုင်ငံပိုင် အစိုးရမီဒီယာတွေကို ခင်ဗျားမကြည့်ဖြစ်ဘူးထင်တယ်။ အဲဒီမှာ ပြည်သူတွေရဲ့ခံစားချက်တွေပါတယ်ဗျ။ ခင်ဗျားခံစားနေရတာရှိရင်လည်း အယ်ဒီတာထံပေးစာလို ကဏ္ဍမှာ ရေးသားပေးပို့နိုင်တယ်ဗျ။ နိုင်ငံ့အရေးကို တကယ်ကို စေတနာရှိပြီး ပြည်သူ့အကျိုးကိုလိုလားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ နေ့မအားညမနား အလုပ်လုပ်ကိုင်နေတဲ့သတင်းတွေ၊ ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသားတွေ ပြည်တော်ပြန်ခွင့်ရတဲ့အကြောင်းတွေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနဲ့ ဆိုင်တဲ့အကြောင်းအရာတွေ၊ လက်ရှိအစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ နိုင်ငံတကာသံခင်းတမန်ခင်း ဆက်ဆံရေးတွေ၊ နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူတွေကို အရေးယူဆောင်ရွက်နေမှုတွေ၊ အမျိုး၊ ဘာသာ၊ သာသနာ တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်နေမှုတွေ၊ နိုင်ငံတကာသတင်းတွေ အစုံလို့ပါဗျာ။ ခင်ဗျားပြောတဲ့ ဆန္ဒပြပွဲသတင်းတွေလည်း ပါပါတယ်ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့လို မှိုင်းမိနေသူတွေ ဖြစ်စေချင်သလို မျက်ရည်ချူတဲ့သတင်းမျိုးတော့ မဟုတ်ဘူးပေါ့။ လက်တွေ့ကျကျ၊ ဖြစ်စဉ်အမှန်အတိုင်း ဖော်ပြပါတယ်ဗျ"

**"ပြန်စဉ်းစားပါဦး မစာဥရယ်။ ကီးဘုတ်ဆရာကြီးတွေ မှန်းဆသလို ဖြစ်လာခဲ့သလား။ သေသူတွေအတွက် ဝမ်းနည်းတယ်ဆိုရင် နှစ်လတာအတွင်း ဝိုင်းပြီး Share ကြတဲ့ လမ်းပေါ်အတင်းထွက်ခိုင်းတဲ့စာသားတွေ၊ မပစ်ရဲပါဘူးဆိုပြီး ရှေ့တိုးခိုင်းခဲ့တာတွေ၊ အဓိကရုဏ်းဖြို့ခွဲလို့ ဖိတ်စဉ်တဲ့အခါမှာလည်း သူရဲကောင်းတွေဆိုပြီး မြှောက်ပေးခဲ့ကြတာတွေကို ပြန်စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ကြပါဗျာ။**

"အဲဒါတွေတော့ ကျွန်မမသိဘူး။ ဒါပေမယ့် အားလုံးက အစိုးရမီဒီယာတွေကို တိုက်ခိုက်ကြတယ်ရှင့်။ အခုနောက်ပိုင်း မြန်မာ့အသံရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေ၊ တပ်မတော်ရဲ့ သတင်းထုတ်ပြန်ရေး စာမျက်နှာတွေ၊ မြန်မာ့အလင်း၊ ကြေးမုံတို့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေဆိုရင် မမြင်တွေ့ရတော့ဘူး။ အသစ်တက်လာရင်လည်း ကျွန်မတို့က အွန်လိုင်းက ဆရာသမားတွေပြောတဲ့အတိုင်း ရီပို့ထုပစ်တာပဲ။ အဲဒီအခါကျ မမြင်ရတော့ဘူး။ နိုင်ငံပိုင်သတင်းစာတွေဆိုလည်း ပြည်သူတွေ မဖတ်အောင်၊ မဖြန့်နိုင်အောင် သိမ်းကျုံးဝယ်ပစ်လိုက်တာမျိုးတွေ ကျွန်မတို့အဖွဲ့က လုပ်ကြတယ်လို့ သိရတယ်ရှင့်"

"အဲဒါပြောတာပေါ့ မစာဥရယ်။ သတင်းဆိုတာ အဖြစ်မှန်ပဲ တင်ဆက်ရတယ်။ သတင်းကို သတင်းလို မတင်ဆက်ဘဲ ခံစားချက်ကို ဦးစားပေး၊ ပြည်သူတွေ သည်းခြေကြိုက်ဖို့ကို ဦးစားပေးနေတာမျိုးတော့ နိုင်ငံပိုင်မီဒီယာတွေက မလုပ်ဘူးဗျ။ စစ်မှန်တဲ့ သတင်းအချက်အလက်တွေကို ပေးမယ်၊ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အသိပညာတွေ မျှဝေမယ်။ အရေးကြီးတဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး သတင်းအချက်အလက်တွေကို ဖော်ပြမယ်ပေါ့ဗျာ။ အဲဒါတွေကို ခင်ဗျားတို့က မကြည့်ဘူးဆိုရင် လက်ရှိမြန်မာနိုင်ငံရေးအကြောင်း မသိဘဲ မျက်ကန်းတစ္ဆေတွေဖြစ်ကုန်မှာပေါ့ဗျ"

"သေချာစဉ်းစားကြည့်တော့လည်း ကိုသံချောင်း ပြောတာ ဟုတ်တုတ်တုတ်ရှင့်။ ပြီးခဲ့တဲ့ရက်က ရပ်ကွက်မှာ ဧည့်စာရင်းတိုင်ထားဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက အသိပေးတဲ့အခါ ရပ်ကွက်ထဲကသူတွေက မလိုဘူးလို့ ဆိုကြတယ်။ အမှန်က အချို့ဥပဒေတွေ ပြင်ဆင်ထားတာတွေရှိတယ်။ မသိလို့ ကျူးလွန်မိကြရင် ဥပဒေအရ အရေးယူခံရမယ်။ အဲဒါမျိုးတွေဆိုရင်တော့ နိုင်ငံပိုင်မီဒီယာတွေကပဲ ပြည့်ပြည့်စုံစုံ ဖော်ပြပေးတာ"

"ဒါပေါ့ဗျာ။ ဥပမာဗျာ။ ခင်ဗျားခရီးတစ်ခုသွားမယ်။ လမ်းပန်းအခြေအနေ၊ ကိုဗစ်ကာကွယ်ရေးအစီအစဉ်၊ ရာသီဥတုနဲ့ ကားလိုင်းအခြေအနေ၊ ဒေသန္တရဥပဒေတွေမသိရင် အဆင်မပြေဖြစ်နိုင်တယ်။ ဒါမျိုးတွေကို နိုင်ငံပိုင်မီဒီယာတွေက မပြတ်တမ်း ဖော်ပြပေးနေတယ်။ နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေ ကြေညာရတာရဲ့ နောက်ဆက်တွဲ မဲမသမာမှုအတွက် ထုတ်ဖော်စစ်ဆေးနေတဲ့ မြေပြင်အခြေအနေကိုလည်း အစိုးရသတင်းစာတွေမှာ ရွေးကောက်ပွဲကော်မရှင်က စာရင်းဇယားနဲ့ နေ့စဉ်သတင်းထုတ်ပြန်ပေးနေတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆောင်ရွက်ချက်တွေကိုလည်း သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲလုပ်ဆောင်တဲ့အခါမှာလည်း အပြည့်အစုံ ဖော်ပြပေးနေတာပါဗျ"

"ကျွန်မက သတင်းတွေကြည့်ရင် ပုဂ္ဂလိကမီဒီယာတွေ ကြည့်ဖြစ်တယ်ရှင်။ ကြည့်ရင်လည်း အထိအခိုက်တွေမြင်ပြီး ဝမ်းနည်းလာမိတယ်။ အစိုးရသတင်းစာဆိုရင်တော့ နာရေးပဲ ဖတ်တယ်ရှင့်"

"ပြန်စဉ်းစားပါဦးမစာဥရယ်။ ကီးဘုတ်ဆရာကြီးတွေ မှန်းဆသလို ဖြစ်လာခဲ့သလား။ သေသူတွေအတွက် ဝမ်းနည်းတယ်ဆိုရင် နှစ်လတာအတွင်း ဝိုင်းပြီး Share ကြတဲ့ လမ်းပေါ်အတင်းထွက်ခိုင်းတဲ့စာသားတွေ၊ မပစ်ရဲပါဘူးဆိုပြီး ရှေ့တိုးခိုင်းခဲ့တာတွေ၊ အဓိကရုဏ်းဖြို့ခွဲလို့ ဖိတ်စဉ်တဲ့အခါမှာလည်း သူရဲကောင်းတွေဆိုပြီး မြှောက်ပေးခဲ့ကြတာတွေကို ပြန်စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ကြပါဗျာ။

"ခင်ဗျားပြောလို့ဆက်ပြောရဦးမယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ ခင်ဗျားဖတ်တဲ့ နာရေးတောင်တောထည့်တောင်ထည့် မရဘူးဗျ။ နာရေးဖြစ်ဖြစ်၊ သာရေးဖြစ်ဖြစ်၊ သတင်းဖြစ်ဖြစ်၊ ကြော်ငြာဖြစ်ဖြစ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတယ်ဗျ။ နာရေးထည့်ချင်ရင် သေဆုံးကြောင်းထောက်ခံစာစတဲ့ အထောက်အထား အပြည့်အစုံပါမှ ထည့်ပေးတာဗျ။ မခိုင်မာတဲ့သတင်းဆိုရင် နာရေးတောင် နိုင်ငံပိုင်သတင်းစာမှာ မထည့်ဘူးဗျ။ ကဲ ကျွန်တော်ကတော့ လက်ရှိအခြေအနေမှန်တွေကို သိရအောင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွေ ပြေးဝယ်လိုက်ဦးမယ်"

မဲ့ကာရွဲ့ကာဖြင့် ဆက်၍ ငြင်းခုံလိုဟန် ရှိသေးတဲ့ မစာဥကား လမ်းလယ်တွင် ကျန်ရစ်ခဲ့ရှာလေပြီ။ ကိုသံချောင်းကား နိုင်ငံပိုင်သတင်းစာနှစ်စောင်ကို ကိုင်လျက် နေအိမ်သို့ပြန်၍ စိမ်ပြေနပြေ ဖတ်ရှုနေ၏။ တီဗွီထက်တွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တို့ အဆက်မပြတ်လွှင့်နေတာကို မြင်ရ၏။

လက်ရှိမြန်မာ့အရေး၊ ကမ္ဘာ့အရေးနှင့် သုတရသစုံလင်တဲ့ သတင်းတွေ ဖတ်ရှုနားဆင်ရတာဟာ ကိုသံချောင်းအတွက် နံနက်စာစိတ်နှလုံးအာဟာရပေပဲ။ တစ်လက်စတည်း တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့ မီဒီယာအမည်ခံတော်လှန်ရေး မြှောက်ထိုးပင့်ကော်များအကြောင်းတွေးမိရင်း တိုင်းပြည်အတွက်စိတ်ပူလာမိသူက ကိုသံချောင်းပါ။ မီဒီယာတွေဟာ နိုင်ငံရဲ့စတုတ္ထမဏ္ဍိုင်ဖြစ်သလို ပြည်သူတွေရဲ့ နားနဲ့မျက်စိလည်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ နားနဲ့ မျက်စိကို ပိတ်ပြီး အမှန်တရားကို မမြင်အောင် ဖုံးကွယ်ထားတဲ့ အတုအယောင် မီဒီယာများကို ပြည်သူများ ရှောင်ကြဉ်ကြဖို့ လိုပါပြီဟုသာ။ ။

**အမယ်လေးဗျာ။ လွတ်လပ်တဲ့မီဒီယာ ဟုတ်လား။ ခင်ဗျားမသိဘူးလား။ လွတ်လပ်တဲ့မီဒီယာလို့ ဆိုလိုက်ရင် အမှီအခိုကင်းရမယ်၊ ဘက်မလိုက်ဘဲ မျှတရမယ်ဗျ။ အခုဟာက အဖွဲ့အစည်းတစ်ခုခုရဲ့ လက်အောက်ခံမီဒီယာတွေဟာ ခင်ဗျားတို့လိုလူတွေ သည်းခြေကြိုက် ဆန္ဒပြနေတာတွေလွှင့်မယ်။ လူထုသွေးဆူလာအောင်၊ မျက်ရည်ကျလာအောင်၊ လမ်းပေါ်ထွက်လာအောင်နဲ့ နိုင်ငံပျက်စီးဖို့ တက်တက်ကြွကြွနဲ့ စုပေါင်းပြီး အများတွေ လုပ်ကြရအောင် မြှောက်ပေးနေတာမျိုးက ဘက်မလိုက်တဲ့ မီဒီယာတဲ့လား မစာဥရယ်။**

# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်တည်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၆၂ ဦးရှိ

**ဗျူနိုအေးရိစ် မေ ၁၂**
အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၂၆၂ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၅၃၂၅၆၂ ဦးအထိ ရှိလာခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၃၂ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၇၇၇၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၂၂၃၃၁၄၀ ရှိလာခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၂၄၁၆၄၃ ဦးသာ ကျန်ရှိတော့ကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်နေခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လူမှုဘဝခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းစည်းကမ်းများကို မေ ၃၀ ရက်အထိ သက်တမ်းတိုးမြှင့်ချမှတ်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၃၇၈ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၁၂**
ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၃၇၈ဦးကို ယနေ့ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၈၇၆၂၂၅ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၄ ဦး ထပ်မံသေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း အဆိုပါ ရောဂါကြောင့်သေဆုံးသူ ၁၅၁၄၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လူဦးရေသန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစတင်ပြီး လူပေါင်း ၁၀သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးပေးခဲ့သည်။ တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ဆေးဝါးများ လှူဒါန်းခြင်းကို ကျေးဇူးတင်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ လှူဒါန်းသော CoronaVac ကိုဗစ်-၁၉ ဆေးဝါးများသည် ဖိလစ်ပိုင်နိုင်ငံသားများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပိုမိုထိုးနှံနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကာလစ်တို ဂေဘက်က ပြောကြားသည်။

နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြန့်ဖြူးပေးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်ရောက်ရှိလာခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မတ် ၁ ရက်တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားသော မက်ထရိုမနီလာဒေသနှင့် အနီးအနားရှိ ဒေသများ၊ ဆီဘူးဒေသ အနောက်ပိုင်း ဗီဆာရာဒေသနှင့် နိုင်ငံတောင်ပိုင်း ဇန်ဘိုဂါနာပင်လယ်အော်ဒါးဗို့စ်ဒေသတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြန့်ဖြူးပေးခဲ့ကြောင်း ဂေဘက်က ပြောကြားသည်။ မက်ထရိုမနီလာ ဒေသနှင့် အနီးဝန်းကျင်ရှိ ဒေသလေးခုတွင် အသွားအလာကန့်သတ်မှုများကို မေ ၃၀ ရက်အထိ ချမှတ်ထားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅၇ သန်းကျော်ရှိလာ

**ဂျကာတာ မေ ၁၂**
အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၂၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၇၁၈၂၄ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၆ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၂၆၅၆ ဦးအထိ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၂၈၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၄၁၉၇၉၆ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သုံးသန်းကျော်ရှိလာ

**ဘာလင် မေ ၁၂**
ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သုံးသန်းကျော်ရှိလာကြောင်း ဂျာမနီရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးစင်တာက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်အထိ ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၁၁၅၁၃ ဦး ရှိလာပြီး ၎င်းတို့အနက် ၇၈၄၅၂ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က ဂျာမနီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ လူ ၁၀၀၀၀၀ လျှင် ၁၃၆ ဒသမ ၄ ဦးနှုန်းခန့်ရှိပြီး ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန်အတွက် တင်းကျပ်ရမည့် အခြေအနေတွင် ရှိသည်။



**ရင်ဆိုင်ရလျက်ရှိ**

ဂျာမန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေစခန်းများကို လနှင့်ချီကြာ ပိတ်ထားခဲ့သော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများနှင့် ဆက်လက် ရင်ဆိုင်ရလျက်ရှိသည်။

**သတိပေးခဲ့**

တစ်ချိန်တည်းမှာပင် ဂျာမနီကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများအား တင်းကျပ်ထားခြင်း မရှိပါက နိုင်ငံအတွင်းရှိ ဆေးရုံများသည် ကိုဗစ်-၁၉ ရောဂါ လူနာများဖြင့် လွှမ်းမိုးသွားနိုင်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်က သတိပေးခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ သန်း ၄၀၀ ကျော်ရှိလာ

**လန်ဒန် မေ ၁၂**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ သန်း ၄၀၀ ကျော် အထိ ရှိလာခဲ့ကြောင်း သုတေသနပညာရှင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ၏ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် အခြားသောတက္ကသိုလ်များမှ သုတေသနပညာရှင်များက လုပ်ဆောင်ခဲ့သည့် သုတေသနစစ်တမ်းများ အရ ပြီးခဲ့သည့်စနေနေ့အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၄၃၀ ဒသမ ၉၆ သန်းရှိသွားပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူစာရင်းတွင် အမေရိကန်နိုင်ငံက လူဦးရေ ၁၁၇ ဒသမ ၁၄ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက် ရှိပြီး အိန္ဒိယနိုင်ငံက လူဦးရေ ၈၈ ဒသမ ၈၉ သန်းဖြင့် ဒုတိယအများဆုံးအဖြစ် ရပ်တည်လျက်ရှိကာ ဗြိတိန် နိုင်ငံက လူဦးရေ ၃၂ ဒသမ ၀၁ သန်း၊ ဘရာဇီးနိုင်ငံက လူဦးရေ ၂၀ ဒသမ ၅၁ သန်းဖြင့် အသီးသီးရပ်တည် လျက်ရှိကြောင်း သိရသည်။

နိုင်ငံလူဦးရေစုစုပေါင်း၏ အချိုးဖြင့် တွက်ဆပါက အနည်းဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစာရင်းတွင် အစ္စရေးနိုင်ငံက ၆၁ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည် လျက်ရှိပြီး ဗြိတိန်နိုင်ငံက ၄၇ ဒသမ ၁ ရာခိုင်နှုန်း၊ ချီလီနိုင်ငံက ၃၈ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန် နိုင်ငံက ၃၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ကို ဒီဇင်ဘာလအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် အီရတ်နိုင်ငံ လက်ခံရရှိ

**ဘဂ္ဂဒက် မေ ၁၂**
တရုတ်နိုင်ငံ အစိုးရက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် လှူဒါန်းခဲ့သည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်ကို မေ ၁၁ ရက်တွင် အီရတ်နိုင်ငံက လက်ခံရရှိ ခဲ့ကြောင်း သိရသည်။

ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြုလုပ်သည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လွှဲပြောင်းပေးအပ်ခြင်း အခမ်း အနားသို့ အီရတ်နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ် ရှန်တောင်၊ အီရတ်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဟက်ဆန် အယ်လ်-တာမီမီနှင့် အခြားသော အီရတ်နိုင်ငံ ထိပ်တန်း ကျန်းမာရေး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အီရတ်နိုင်ငံသည် မကြာသေးသည့်ရက်ပိုင်းအတွင်းက နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် အီရတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို အရှိန် တိုးမြှင့် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အီရတ်နိုင်ငံသည် တရုတ်နိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို မတ် ၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ၌ တစ်နှစ်အတွင်း ပထမဆုံး ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွား

**ဗီယင်ကျန်း မေ ၁၂**
လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ပြီး အဆိုပါလူနာနှစ်ဦးအနက်တစ်ဦးသည် လွန်ခဲ့သည့် တစ်နှစ်အတွင်း ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူဖြစ်ကြောင်း လာအို ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ကြေညာသည်။

အဆိုပါ ပုဂ္ဂိုလ်သည် မေ ၁၀ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ ရခြင်းဖြစ်ပြီး လွန်ခဲ့သည့် တစ်နှစ်တာအတွင်း ပထမဦးဆုံး ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဖြစ်ဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ လူနာသည် ပြီးခဲ့သည့် သီတင်းတစ်ပတ်ခန့်က ထိုင်းနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့်ထိုင်းနိုင်ငံသားများနှင့် အနီးကပ်ထိတွေ့ ဆက်ဆံ ခဲ့သူတစ်ဦးဖြစ်သည်။

ကျန်လူနာတစ်ဦးသည် မေ ၉ ရက်က မွန်ဂိုလီးယားနိုင်ငံမှ ပြန်လာ သည့်လာအိုနိုင်ငံသားဖြစ်သည်။ လာအိုကျန်းမာရေး တာဝန်ရှိသူများ သည်အဆိုပါလူနာနှစ်ဦးကိုသီးခြားခွဲ၍ထားပြီးလတ်တလောအချိန်တွင် မစ်တာဖော့ဘ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ယမန်နှစ် မတ် ၂၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်တွေ့ရှိပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၁ ဦး ရှိလာပြီး ယင်းတို့အနက် ၄၅ ဦးသည် ရောဂါ ကင်းစင်သွားကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် လာအိုအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများကိုလိုက်နာပြီး ပေါ့ပေါ့ဆဆမနေကြရန် ပြည်သူများအား တိုက်တွန်းလိုက်သည်။

**ကိုးကား - ဗွီအင်န်အေ၊ ဘာသာပြန် - ဂျေတီ**

# ဩစတြေးလျနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ကယ်ဘာရီမြို့သို့ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဆီရိုဂျာ ဝင်ရောက်တိုက်ခတ်

**ဆစ်ဒနီ မေ ၁၂**
ဩစတြေးလျနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ကယ်ဘာရီမြို့သို့ ယမန်နေ့ညက အပူပိုင်းဆိုင်ကလုန်း မုန်တိုင်း ဆီရိုဂျာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဒေသခံ အများအပြား လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ ခဲ့ရကြောင်း သိရသည်။

ကယ်ဘာရီမြို့သည် ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာမြို့တစ်မြို့ဖြစ်ပြီး ပေါ့်မြို့၏ မြောက်ပိုင်း ကီလိုမီတာ ၅၈၀ အကွာအဝေးတွင် တည်ရှိသည်။ အဆိုပါမုန်တိုင်းကြောင့် ထိခိုက်သေဆုံးသူ လက်ရှိ အချိန်အထိ မရှိသေးကြောင်း သိရသည်။ ယမန်နေ့ ညစာနာရီတွင် ဝင်ရောက်တိုက်ခတ်ခဲ့သော အဆိုပါ ဆီရိုဂျာမုန်တိုင်းကြောင့် ကယ်ဘာရီမြို့ရှိ နေအိမ်များ ပျက်စီးခဲ့ပြီး ဒေသခံ ၃၀၅၀၀အား လျှပ်စစ်မီး ပြတ်တောက်မှုများဖြစ်စေခဲ့ကာ တယ်လီဖုန်းလိုင်း များလည်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းဩစတြေးလျပြည်နယ်ဝန်ကြီး ချုပ် မက်ခ် မက်ဂိုဝင်က ကယ်ဘာရီ မြို့ရှိ နေအိမ်များ ၏ ၇၀ရာခိုင်နှုန်းပျက်စီးသွားကြောင်း ပြောကြား သည်။ ရှေ့လာမည့်ရက်အနည်းငယ်အတွင်း အဆိုပါ မြို့တွင် ဆီရိုဂျာမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုများပြားလာနိုင်သော်လည်း မိမိတို့အတူတကွ ကျော်လွှားသွားနိုင်ရန် ကြိုးပမ်းသွားရမည်ဟု ၎င်းက ပြောကြားသည်။

အနောက်ပိုင်းဩစတြေးလျပြည်နယ် မီးသတ် နှင့် အရေးပေါ်လုပ်ငန်းများဌာန၏ ညွှန်ကြားမှုဖြင့် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို ကယ်ဘာရီ မြို့သို့ စေလွှတ်တာဝန်ချထားခဲ့ပြီး အဆိုပါဒေသခံများ အား အန္တရာယ်ကင်းရှင်းကြောင်း ထုတ်ပြန်ချက် တစ်စုံတစ်ရာမရရှိမီအချိန်အထိ မိမိတို့နေအိမ်များ တွင်သာ နေထိုင်ရန်ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၆၇၈ ဦးရှိ



**အန်ကာရာ မေ ၁၂**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၆၇၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၈၄၉၀၁၁ ဦးအထိရှိလာခဲ့ကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၉၃၉ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၀၁၉၄ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၃၁၄၁၁ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တူရကီနိုင်ငံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ပြည်သူ ၂၉၄၂၇၄ ဦးအား စစ်ဆေးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုခံယူပြီးသူ ၄၁၅၉၁၈၅၄ ဦးအထိရှိခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သူ ပထမဆုံးစတင်တွေ့ရှိခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့် အတည်ပြုခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၀၉၂၃၀၀၀ အထိရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၀၀၀၀ ကျော်ရှိလာ

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၀၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၇၀၁၇၉ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက မေ ၁၂ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၈၉၁၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၃၅၂၇၇၁၇ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိနေစဉ် မေ ၁၂ ရက်သည် ယခုနှစ်၏ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ကြောင်းနှင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလူဦးရေ တစ်သိန်းကျော်ရှိခဲ့သည့် ခြောက်ရက်ဆက်တိုက်မြောက်လည်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၂၁၅၆၅၂၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၂၀၁၀၀၉ ဦးရှိကြောင်း သိရသည်။

မြို့တော်နယူးဒေလီ၌ အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၇၄ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၈ ဦးရှိခဲ့ကြောင်း သိရသည်။




အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၀၄၅၂၈၅၆၅ ဦးရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ကင်မရွန်းနိုင်ငံ လက်ခံရရှိ

**ယောင်းဒီ မေ ၁၂**

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုမြင့်တက်လာလျက်ရှိသည့် ကင်မရွန်းနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို မေ ၁၁ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကင်မရွန်းဝန်ကြီးချုပ် ဂျိုးဆက်ဒီယွန်နူတီက မြို့တော်ယောင်းဒီရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို လက်ဆောင်ပေးအပ်သည့်အတွက် တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် တရုတ်နိုင်ငံနှင့် ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့ကြောင်း ကင်မရွန်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကာကွယ်ဆေးများ ရရှိပြီဖြစ်သောကြောင့် ကင်မရွန်းအစိုးရအနေဖြင့် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ယနေ့မှစတင်ကာ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကင်မရွန်းဝန်ကြီးချုပ် ဂျိုးဆက်ဒီယွန်နူတီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ရောက်ရှိမှုသည် နှစ်နိုင်ငံအကြား ရင်းနှီးဖော်ရွေသည့်ဆက်ဆံရေးကို ပြသခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်သည် တရုတ်နိုင်ငံနှင့် ကင်မရွန်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်မှုနှစ် ၅၀ ပြည့်နှစ်ဖြစ်ပါကြောင်း ကင်မရွန်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဝမ်ယင်ဝူက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၁ ဦး ထပ်မံတွေ့ရှိ

**အဒစ်အဘာဘာ မေ ၁၂**

အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၁ ဦး ထပ်မံတွေ့ရှိသဖြင့် ယမန်နေ့ညအထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၂၉၉၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈ ဦးကိုလည်း ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၁၇၄ ဦးရှိကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ဓာတ်ခွဲအတည်ပြုလူနာ ၅၅၁၈၇ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

အာဖရိက ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ထုတ်ပြန်ချက်အရ အီသီယိုးပီးယားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် အာဖရိကဒေသတစ်ခုလုံး၏ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့ပြီးနောက် အီသီယိုးပီးယားနိုင်ငံသည် အာဖရိကဒေသတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးနိုင်ငံတစ်ခုဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည် ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၁၃၆၇၅၈၇၈၉ ဦး | ၂၉၅၁၇၈၅ ဦး | ၁၀၉၉၈၆၂၇၂ ဦး |

# တမူးမြို့၌ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် လာရောက်ပစ်ခတ်

နေပြည်တော် မေ ၁၂

တမူးမြို့နယ်၌ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်း ထုတ်ပြန်ချက်အရ ယနေ့ နံနက် ၆ နာရီခန့်မှစ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ပေါ်ရပ်ကွက်များအတွင်း အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုသွားလာရေး အဆင်ပြေစေရေးနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားပါက လွယ်ကူလျင်မြန်စွာ သွားနိုင်ရေးတို့အတွက် ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို လူအင်အား၊ ယာဉ်၊ ယန္တရားများဖြင့် လိုက်လံရှင်းလင်းနေစဉ် နံနက် ၇ နာရီ မိနစ် ၂၀ တွင် စန္ဒကူးရပ်ကွက် အလောင်းဘုရားလမ်းရှိ "ဂရေ့စ်" ပုဂ္ဂလိကဆေးခန်းအနီး အရောက် ဆူပူအကြမ်းဖက်သောင်းကျန်းသူအင်အား (စိစစ်ဆဲ) က လက်နက်ငယ်၊ ၄၀ မီလီမီတာ ဗုံးသီးများဖြင့် အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ ၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခဲ့ပြီး နံနက် ၉ နာရီ ၅ မိနစ်တွင် စန္ဒကူးရပ်ကွက် အလောင်းဘုရားလမ်းရှိ "တော့ပ်စတား" ဘော်ဒါဆောင် အဟောင်းအတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ အဆိုပါ အဆောင်အတွင်း လူတစ်ဦးတစ်ယောက်မှ မတွေ့ရှိရသော်လည်း အဆောင်အတွင်းမှ ဒိုင်းမျိုးစုံ အချပ် ၃၀၊ စကားပြောစက် သုံးလုံး၊ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်မိုင်း နှစ်လုံး၊ ဓားရှည် တစ်ချောင်း၊ လောက်လွှဲစင် တစ်ခု၊ မီးစာတပ်ဆင်ထားသည့် မီးပုလင်းများ၊ ထမင်းထုပ်များနှင့် ဖိနပ်အရံ ၅၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေး တပ်ဖွဲ့ဝင်များက "တော့ပ်စတား" အဆောင်အတွင်း ဝင်ရောက်စစ်ဆေးနေစဉ် ၎င်းအဆောင်အနီးသို့ ချဉ်းကပ်လာသူ စန္ဒကူး(၅)ရပ်ကွက် ရွှေဥဒေါင်းလမ်းနေ ပါရာကတ်(ခ) ဇော်နိုင်(၂၀)နှစ် (ဘ) ဦးခါရာနန်တာပါ အမျိုးသား လေးဦးကို တွေ့ရှိရ၍ ခေါ်ယူစစ်ဆေးခဲ့ရာ အဆိုပါ အမျိုးသား လေးဦးထံမှ လက်လုပ် ဂက်စ်သေနတ် သုံးလက်၊ စကားပြောစက် နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တမူးမြို့၌ အတားအဆီးများ ရှင်းလင်းဆောင်ရွက်နေသည့် အဖွဲ့အား ဆူပူအကြမ်းဖက်သောင်းကျန်းသူများက ရန်ပြုပစ်ခတ်မှုဖြစ်ပွားသည့် နေရာပြမြေပုံ







## ရေဖြူနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရေဖြူမြို့နယ်၊ ရန်ကုန်-မြိတ်သွားကားလမ်း၊ မလွှဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် စန်းနိုင်အောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၈၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ အားကျို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိုက်စ် သုည ဒသမ ၃၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၇ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၂

ဆူပူအကြမ်းဖက်သူများအသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၅)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်း လူနေထိုင်ခြင်းမရှိသည့် အိမ်အမှတ်(၂၈၆)၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း၊ သံတွဲမြို့နယ် နန်းချောင်းကျေးရွာအုပ်စု အထက်နန်းချောင်းကျေးရွာရှိ ဝေဇင်ကျော်(ဘ) ဦးညီကျော်မြကို ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် တစ်လက်၊ ဇော်မင်းဦး(ဘ) ဦးကျော်မြင့်ကို ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် နှစ်လက်နှင့် ဇော်ရဲ(ဘ) ဦးယဉ်ထွေးကို ၎င်း၏တောင်ယာတဲအတွင်းမှ လေသေနတ် တစ်လက်တို့နှင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ကန်သာရာရပ်ကွက် အကွက်(ခခ-၃/၇၅)၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ ၁၀၂ လမ်းနှင့် ၁၀၃ လမ်းကြားရှိ Nobel INN တည်းခိုခန်းရှိ အခန်းအမှတ်(၁၀၆)၌ မစုစုမာ(ဘ) ဦးပေစိကို လက်လုပ်မိုင်း နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် သထုံမြို့နယ် ဒေးဘရိန်းကျေးရွာရှိ ရန်မင်းအောင်(ဘ) ဦးမြတ်ကိုအား ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု (၈)မိုင် လေယာဉ်ကွင်းအနောက်ဘက်ခြမ်း ဥယျာဉ်ခြံဝင်းအတွင်းမှ အောင်အောင်(ဘ) ဦးမောင်နီ၊ စာတန်းဗိုလ်(ဘ)ဦးစိုးမြင့်နှင့် ဦးဝင်းမောင်(ဘ)ဦးဗဒန်မဟာဒူးတို့ သုံးဦးကို တူမီးသေနတ် နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ပုသိမ်ညွန့် (၈)လမ်း၊ အမှတ်(၄၅)ရှိ အဆောက်အအုံအတွင်းမှ လက်လုပ်ဗုံး ၂၅ လုံး၊ ဒူးလေးခုနစ်လက်၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အောင်အောင်၊ စာတန်းဗိုလ်နှင့် ဦးဝင်းမောင်တို့ သုံးဦးအား တူမီးသေနတ် နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နေသည့် အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့ ဧပြီ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ဧပြီ ၁၁ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိခဲ့ရာ ပါမောက္ခချုပ်/ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂) တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ယခုထက်ပိုမိုပေးအပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ မှာကြားခြင်း၊ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

### လေးစားတန်ဖိုးထားရမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဧပြီ ၁၂ ရက်မှစတင်၍ အတွင်းလူနာကုသမှုများ ပေးအပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးမှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရုံး/ဌာန/ဆေးရုံများနှင့် ကင်းကွာလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အမြန်ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြစေလိုပါကြောင်း၊ အလုပ်တာဝန် ပြန်လည်ဝင်ရောက်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက်လည်း အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး တတ်နိုင်သမျှ စီစဉ်ထားရှိပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် ပညာရှင်များဖြစ်သည်နှင့်အညီ မိမိတို့၏ Profession ကို လေးစားတန်ဖိုးထားရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရန်သူ/မိတ်ဆွေ မခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစနစ် ပုံမှန်အတိုင်း လည်ပတ်မှသာ ပြည်သူများအတွက် အထူးအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသုံးစရိတ်များကိုလည်း ယခုထက်ပိုမို အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှကျန်းမာရေးအသုံးစရိတ်အများအပြားကို အကုန်အကျခံ၍ ပေးအပ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့ဆေးရုံများ ပိတ်ထားရသည့်အတွက် ပြည်သူတို့အတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့် ပြင်ပဆေးရုံဆေးခန်းများမှပေးအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို မတတ်နိုင်သည့် လူနာအချို့သည် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနေရပါကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း မူလအစီအစဉ်အတိုင်း ဆက်လက် ထိုးနှံပေးမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆရာဝန်များ၊ သူနာပြုများသည် လူသားများဖြစ်သည့်အတွက် တစ်ချိန်ချိန် မိမိကျန်းမာရေးမကောင်းသည့်အချိန်တွင် လူနာအဖြစ်သို့ ရောက်ရှိမည်ဖြစ်သည့်အတွက် လူနာများဘက်မှ ကိုယ်ချင်းစာ၍ စဉ်းစားပေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပူပြင်းသည့်နွေရာသီသို့ ရောက်လာသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ မီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် လုံခြုံရေးလုပ်ငန်းများကိုလည်း အထူးသတိပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်များကိုလည်း ပုံမှန်အတိုင်း မကြာမီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်နှင့် ဆေးရုံများအားလုံး ပြန်လည် ဖွင့်လှစ်ရမည်ဖြစ်ကြောင်း၊ ဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိသော ကျောင်းသားများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများ ပြီးဆုံးအောင်မြင်ရေး ဆက်လက်သင်ကြားနိုင်ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘွဲ့လွန်သင်တန်းသားများအနေဖြင့်လည်း သင်တန်းများပြီးဆုံးသည်အထိ ဆက်လက်တက်ရောက်လိုသည့်ဆန္ဒများ ပြင်းပြလျက်ရှိပါကြောင်း၊ ထို့အတူ ဘွဲ့လွန်သင်တန်းများ ဝင်ရောက်ဖြေဆိုလိုသူများစွာရှိပါကြောင်း၊ ပြည်သူ့အကျိုးပြု ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်လာရေးအတွက် စနစ်တကျ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ COVID–19 ရောဂါစစ်ဆေးခြင်းလုပ်ငန်းများနှင့် အခြားကျန်းမာရေးဆိုင်ရာဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပုံမှန်အတိုင်းပြန်လည်လည်ပတ်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍တင်ပြသည်။

### သွားရောက်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre သို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအပါအဝင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်များ၊ သံရုံးဝန်ထမ်းများနှင့် ပြည်သူလူထု ကာကွယ်ဆေးထိုးနှံမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုတိုးချဲ့ကာကွယ်ဆေး သိုလှောင်အအေးခန်းသို့ သွားရောက်ကာ COVID–19 ရောဂါကာကွယ်ဆေးများနှင့် ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသုံး ကာကွယ်ဆေးများဖြစ်သည့် အဆုတ်တီဘီ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်/ အသားဝါ(ဘီ) ရောဂါ စသည့် ကာကွယ်ဆေးများအား အအေးလမ်းကြောင်းမပြတ် သိုလှောင်ထားရှိနိုင်ရေး၊ ကာကွယ်ဆေး သက်တမ်းမကုန်မီ စနစ်တကျ သုံးစွဲနိုင်ရေး၊ မီးဘေး၊ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု လုံခြုံစိတ်ချမှုရရှိစေရေး စသည့်အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

### တွေ့ဆုံအမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခ/ဌာနမှူးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အခက်အခဲများရှိနေသည့်ကြားမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးရုံကုသမှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်စေလိုပါကြောင်း၊ ဆရာဝန်များ၊ သူနာပြုများအနေဖြင့် ဆရာဝန် ကတိသစ္စာအဓိဋ္ဌာန်များ၊ သူနာပြုကတိ သစ္စာအဓိဋ္ဌာန်များ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူနာများအပေါ်တွင်ထားရှိသည့် ကတိသစ္စာများ တည်မြဲပါက မိမိတို့ဆောင်ရွက်သည့် ဆေးကုသမှုများလည်း ပိုမိုအကျိုးရှိ၍ ဆေးစွမ်းထက်မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုပါကြောင်း ပြောကြားခဲ့ပြီး လိုအပ်သည်များကို တွေ့ဆုံညှိနှိုင်းမှာကြားခဲ့သည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဧပြီ ၁၂**

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၅၆၃၄ ဦး၊ အတွင်းလူနာ ၄၃၆၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၇၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၂၅ ဦး စုစုပေါင်း ၉၇၀၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၃၃၆၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၀၉၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၈၄၅၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြန်လွမ်းမိသည် ငယ်ဘဝသင်္ကြန်နေ့ရက်များဆီ

အောင်မာန်(ဆော)

သင်္ကြန်အကြိုနှင့် သင်္ကြန်ကာလတွေမှာ သင်္ကြန်သီချင်းသံလေးများ ကြားရလေတိုင်း ချက်ချင်းဆိုသလို ငယ်ငယ်ကပုံရိပ်တွေကို ပြန်ပြီး မြင်ယောင်သွားတတ်တယ်။ ငယ်ငယ်က ကြုံခဲ့ရတဲ့ သင်္ကြန်ပုံရိပ်တွေက ကျွန်တော့်အသိ မှတ်စိတ်မှာ ထင်းခနဲ ပေါ်လာပါတယ်။ ကျွန်တော်တို့ငယ်ငယ် ရွာလယ် ရေကစားမဏ္ဍပ်ကြီးမှာ သင်္ကြန်ယိမ်းကတာတွေကို ကြည့်ရှုခဲ့ရတာတွေက ပျော်စရာတွေလေ။ သင်္ကြန်ယိမ်းကတာတွေက ဒီဘက်ခေတ်လိုနေ့ဘက်တွေမှာ ကတာမဟုတ်ဘဲ တကယ့်ပွဲကြီးအလား ညအချိန်မှာ ဖျော်ဖြေပြကြတာပါ။ ရွာရဲ့ ကာလသမီး ကာလသားတွေနဲ့ ကလေးတွေက နေ့ပိုင်းမှာ သင်္ကြန်ရေပက်ကစားကြပြီး ညအချိန်မှာ သင်္ကြန်ယိမ်းအဖွဲ့က ရွာရဲ့ပရိသတ်တွေကို ကပြဖျော်ဖြေကြတာပါ။ အဲဒီတုန်းက ကပြဖျော်ဖြေကြတဲ့ သင်္ကြန်ယိမ်းအဖွဲ့က အစ်မကြီးတစ်ယောက်ကို မှတ်မိနေဆဲ ရှိသေးတယ်။ သူက မအေးမှုံတဲ့။ အခုတော့ ဒေါ်အေးမှုံပေါ့။ သူက ယိမ်းအဖွဲ့ရဲ့ ခေါင်းဆောင်လေ။

## ရွာသင်္ကြန်

အခုတော့ သင်္ကြန်ရောက်လေတိုင်း ရွာမပြန်ဖြစ်တာ ကြာလေပြီ။ ရွာပြန်ဖို့လုပ်တိုင်း အကြောင်းကိစ္စတစ်ခုမဟုတ်တစ်ခု ပေါ်လာတတ်စမြဲပဲ။ ဒီနှစ်လည်း မရောက်တာကြာတဲ့ ရွာကို ပြန်မယ်လုပ်တုန်း ကျွန်တော့်အမျိုးသမီးရဲ့မီးဖွားရက်က သင်္ကြန်ကာလထဲမှာပါတဲ့။ ဒီတော့ ကျွန်တော် ဘယ်လိုပြန်မလဲ။ ဒီတစ်ခါလည်း ရွာကို ပြန်မယ့်ဆန္ဒ မပြည့်ဝပြန်ဘူးပေါ့။ ရွာက ကျွန်တော့်ရဲ့ ဆရာကတော့ မေတ္တာပို့လေရဲ့။ “ မင်း ရွာကို ဘယ်တော့မှပြန်မလာတော့နဲ့ကွာ... မင်း ရွာပြန်လာမယ့်နှစ်မျှော်ရတာ သစ်ကုလားအုတ်တောင် ငှါလောက်လည်ပင်းရှည်မှာမဟုတ်ဘူး”တဲ့။ ကျွန်တော်လည်း ပြန်တောင်းပန်ရတာ အနှစ်နှစ်အခါခါ။ နှစ်တိုင်း တောင်းပန်နေရလို့လေ။ သူက ကျွန်တော်ရွာပြန်လာရင် ရွာသင်္ကြန်ကို ထူးထူးခြားခြား လုပ်ချင်တာတဲ့။ ကျွန်တော်နဲ့ တွဲပြီးတော့ပေါ့။ သူ့အလိုလိုက် သူ့အကြိုက်ဆောင်ပြီး သူဖြစ်ချင်သလို လုပ်ပေးနိုင်တာက ကျွန်တော်တစ်ယောက်ပဲ ရှိလို့တဲ့။ ၂၀၁၁ ခုနှစ် သင်္ကြန်ကာလ မြို့နယ်သင်္ကြန်ယိမ်းပြိုင်ပွဲမှာ သူနဲ့ ကျွန်တော် နှစ်ယောက်တွဲပြီး သင်္ကြန်ယိမ်းတစ်ဖွဲ့ထွက်ကာပြိုင်လိုက်တာ ဆုကြီးမရပေမယ့် အထူးဆု(၁) ရခဲ့ဖူးတယ်။ အဲဒီတစ်နှစ်ပါပဲ။ နောက်နှစ်တွေမှာ ကျွန်တော်လည်း ရွာမပြန်ဖြစ်တော့၊ သူဖြစ်ချင်တာတွေလည်း ကျွန်တော် လုပ်မပေးနိုင်တော့ဘူး။ အခု သူက ဒါတွေကို ပြန်လုပ်ချင်တယ်။ ဒါကြောင့် သူနဲ့ဘက်တူတဲ့ ကျွန်တော် ရွာပြန်လာမယ့်နှစ်ကို မျှော်နေတာဖြစ်ပါတယ်။ ကျွန်တော်လည်း ဆရာလုပ်ချင်တာတွေကို လုပ်ပေးချင်ပေမယ့် အစောကပြောသလိုပဲ သင်္ကြန်ကာလ ရွာကိုပြန်မယ်လုပ်တိုင်း အကြောင်းတစ်ခုမဟုတ် တစ်ခု ပေါ်ပေါ်လာတတ်တယ်။ ဒီလိုနဲ့ပဲ ရွာမပြန်ဖြစ်ခဲ့တာ နှစ်တွေကြာပြီ။

ငယ်ငယ်က ရွာသင်္ကြန်မှာ ပျော်ခဲ့တာတွေကို ဘယ်လိုမှ မေ့မရနိုင်တာတော့ အမှန်ပါ၊ မေ့ဖျောက်လို့လည်း ရနိုင်မယ်မထင်ပါ။ အမှတ်ထင်ထင်ရှိနေတာကတော့ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝ အနေနဲ့ ရွာသင်္ကြန်မှာ ပါဝင်ခဲ့ရတာတွေပါ။ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၁ ခုနှစ်၊ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်က သင်္ကြန်ကာလတွေပေါ့။ အဲဒီတုန်းက ရွာမှာ သင်္ကြန်မဏ္ဍပ်တွေဆောက်ပြီး သင်္ကြန်ယိမ်းတွေနဲ့ ကပြဖျော်ဖြေကြသလို အခြားအနီးအနားရွာအထိပါ သွားရောက် ကပြဖျော်ဖြေ ရေကစားခဲ့ကြတယ်။ အင်မတန်မှ ပျော်စရာကောင်းပါတယ်။ တချို့ရွာတွေဆို ညအိပ်သွားရောက်ပြီး ကပြဖျော်ဖြေ ရေကစားခဲ့ကြတာ။ ဥပမာ ငှက်ကြီးဦး၊ မန်း၊ သံပရာစတဲ့ ရွာတွေဆို ကျွန်တော်တို့ ရွာတွေနဲ့ ခုနစ်မိုင်၊ ရှစ်မိုင်လောက်အထိ ဝေးတယ်။ ဒီရွာတွေကိုလည်း သွားရောက်ကြတယ်။ ဟီးနိုးကားကြီးတွေနဲ့ သွားရောက်ကြသလို ခြေကျင်သွားတဲ့နှစ်တွေလည်း ရှိတယ်။ ကျွန်တော် ပါဝင်ခဲ့တဲ့နှစ်တွေမှာတော့ ခြေကျင်သွားရောက်ခဲ့တာတွေ များတယ်။ လမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် စလိုက်နောက်လိုက်၊ ပါလာတဲ့ ရေနဲ့ အချင်းချင်း ရေပက်လိုက်၊ ရေတွေ့တဲ့နေရာမှာ ရေပြန်ထည့်လိုက်နဲ့ ခရီးဝေးသွားရပေမယ့် ပျော်စရာပါ။ မောနေပန်းနေမှန်းတောင် မသိနိုင်တဲ့အထိပါ။ အဲဒီအချိန်တုန်းက ရွာတွေကြားမှာ တောတောင်စိမ်းစိမ်းတွေရှိနေသေးတော့ နွေရောက်ပေမယ့်လည်း တချို့ချောက်ကြိုချောက်ကြားတွေမှာ ရေတွေ ရှိနေတတ်ပါတယ်။ အဲဒီရေတွေက သောက်သုံးလို့ရတဲ့အထိ သန့်ရှင်းပါတယ်။




**ကျွန်တော့်တက္ကသိုလ်ကျောင်းသားဘဝက ဖြတ်သန်းခဲ့ရတဲ့ သင်္ကြန်ကာလနေ့ရက်တွေက ချစ်ခြင်းတွေနဲ့ အဓိပ္ပာယ်ပြည့်မနေဘူးလားဗျာ။ ငယ်ဘဝကို ပြန်တွေးတိုင်း၊ သင်္ကြန်ကာလရောက်တိုင်း ဒီလိုနေ့ရက်တွေကို ပြန်ပြန်ပြီး သတိရမိသလို လွမ်းလည်းလွမ်းနေမိတယ်။ ဘယ်အချိန် ပြန်တွေးတွေး ငယ်ငယ်က ဖြတ်သန်းခဲ့ရတဲ့ သင်္ကြန်နေ့ရက်တွေက စိတ်ထဲမှာ စွဲထင်နေဦးမှာပါ။ ဒါပေမယ့် ဒီလိုအမုန်းတရားကင်းပြီး ချစ်ခြင်းတရားတွေကို ဖြစ်စေတဲ့ ဒီဓလေ့တွေကတော့ အခုတော့ ရွာမှာမရှိတော့ဘူးတဲ့။ အမှန်ဆိုရင် ဒီဓလေ့က ထိန်းသိမ်းအပ်တယ်လို့ ကျွန်တော်ထင်မြင်မိပါတယ်။ ဘာလို့လဲဆိုတော့ ဒီဓလေ့က ရွာနီးချင်းက လူငယ်တွေအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို ဖြစ်ပေါ်စေလို့ဖြစ်။**

ရွာတွေကို ရောက်ပြန်တော့လည်း အိမ်ရှင်ရွာတွေက ကျွန်တော်တို့အဖွဲ့တွေ စားရေးသောက်ရေး နေရေးထိုင်ရေးကအစ အဆင်ပြေပြေ စီစဉ်ပေးကြတယ်။ ညပိုင်း စားပြီးသောက်ပြီးတဲ့အခါမှာ ယိမ်းအဖွဲ့တွေ ကပြဖျော်ဖြေကြမယ့်အချိန်၊ ရေကစားမယ့်အချိန်တွေကို ဆွေးနွေးတိုင်ပင်ကြပါတယ်။ သူတို့အိမ်ရှင်ရွာတွေမှာလည်း ယိမ်းအဖွဲ့တွေ ရှိနေကြတော့ သူ့အဖွဲ့ကိုယ့်အဖွဲ့ အပြန်အလှန် ကပြဖျော်ဖြေကြတဲ့သဘောပေါ့။ ဒီလိုနဲ့ ဆွေးနွေးတိုင်ပင်ပြီး နောက်နေ့မှာတော့ ရေကစားမဏ္ဍပ်အတွင်းမှာ သူ့ရွာကိုယ့်ရွာ သင်္ကြန်ယိမ်းအဖွဲ့တွေက ကပြဖျော်ဖြေကြတယ်။ ဖျော်ဖြေမှုအပြီးမှာတော့ အိမ်ရှင်ရွာက ကာလသား ကာလသမီးတွေက ကျွန်တော်တို့အဖွဲ့တွေကို သင်္ကြန်ရေလောင်းပြီး နှုတ်ဆက်ကြပါတယ်။ ဒီလို သင်္ကြန်ရေလောင်းတဲ့အခါမှာလည်း ယဉ်ကျေးစွာပဲ ရေလောင်းပါတယ်။ ကျွန်တော်တို့အဖွဲ့တွေကလည်း ယဉ်ကျေးစွာပဲ သင်္ကြန်ရေလောင်းတာကို ကျေနပ်ပျော်ရွှင်စွာ ခံယူကြပါတယ်။ တကယ်လို့ ကိုယ်က ရေပြန်လောင်းချင်ရင်လည်း လောင်းလို့ရပါတယ်။ ရေလောင်းလို့ စိတ်ဆိုးတာတို့၊ ဒေါသဖြစ်တာတို့ မရှိကြဘူး။ ပျော်ပျော်ရွှင်ရွှင်ပဲ အပြန်အလှန် ရေပက်ကစားခဲ့ကြတာပါ။ အဲဒီနောက် ကျွန်တော်တို့လည်း အခြားနောက်တစ်ရွာကို ခရီးဆက်ပေါ့။

## ယောဒေသဓလေ့အရ သနပ်ခါးပါးတို့ပြီး ကြိုဆို

ဒီလို ရွာတွေကို သွားရောက်တဲ့အခါမှာတော့ ကြိုတင်အမှာစကားတော့ ပါးထားရပါတယ်။ ဘယ်ရက် ဘယ်အချိန်မှာ လာမယ်။ သင်္ကြန်အဖွဲ့မှာ လူဘယ်နှယောက်ပါတယ် စသဖြင့်ပေါ့။ ဒါမှလည်း အိမ်ရှင်ရွာတွေက ကြိုတင်စီစဉ်ထားလို့ရမှာလေ။ နောက်ပြီး အခြားရွာသင်္ကြန်အဖွဲ့တွေနဲ့ တိုက်မနေအောင်လည်းပါတယ်။ တကယ်လို့တိုက်နေရင် အိမ်ရှင်ရွာက ပင်ပန်းရပါတယ်။ ဒါပေမယ့် သင်္ကြန်အဖွဲ့ချင်း ဆုံခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒီလို သင်္ကြန်အဖွဲ့ချင်းဆုံတာတွေရှိခဲ့လည်း အားလုံးအဆင်ပြေပြေပဲ ပူးပေါင်းဖျော်ဖြေကပြကြတယ်။ ချစ်ချစ်ခင်ခင် ရေကစားကြတယ်။ ခိုက်ရန်ဖြစ်ပွားခြင်း မရှိကြဘူး။ ကျွန်တော်တို့ရွာကိုလည်း လာမယ့်အဖွဲ့တွေက ကြိုတင်ရက်ချိန်းတောင်းကြတယ်။ ကျွန်တော်တို့ကလည်း သူတို့လာရင် အဆင်ပြေပြေဖြစ်အောင် ကြိုတင်စီစဉ်ပေးထားတယ်။ အပြန်အလှန် သဘောပေါ့။ အံ့သြစရာကောင်းတာက ဒီလို ရွာတွေစုံအောင်သွား။ ကိုယ့်ရွာကိုလည်း ရွာစုံကလာကြပေမယ့် သင်္ကြန်အဖွဲ့အချင်းချင်း ခိုက်ရန်ဖြစ်တာတို့၊ ပြဿနာဖြစ်တာတို့ မရှိခဲ့ကြဘူး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ချစ်ကြည်ခင်မင်စွာနဲ့ပဲ သင်္ကြန်ပွဲကို နွှဲခဲ့ကြတယ်။ တချို့ရွာတွေဆို (အနီးအနားရွာတွေပေါ့) လာရောက်တဲ့သင်္ကြန်အဖွဲ့တွေကို ယောဒေသဓလေ့အရ သနပ်ခါးပါးတို့ပြီး ကြိုဆိုတာတွေတောင်ရှိခဲ့တယ်။ တကယ့်ကြည်နူးစရာပါ။

အမှန်တော့ ဒီလိုတွေ တစ်ရွာနဲ့တစ်ရွာ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန် သွားရောက်ဖျော်ဖြေရေကစားကြတာဟာ ရင်းနှီးချစ်ကြည်မှုကို ပိုဖြစ်စေတယ်လို့ ထင်တယ်။ ရွာတွေက ကာလသား ကာလသမီးချင်းလည်း အချင်းချင်းသိကျွမ်းကြပြီး ချစ်ခြင်းတရားကို ပိုပြီး ခိုင်မာစေတယ်လို့လည်း မြင်မိတယ်။ တချို့တွေဆို သင်္ကြန်မှာတွေ့ပြီး တစ်ရွာနဲ့တစ်ရွာ ချစ်ခြင်းလမ်းတံတား ခင်းသွားကြတာတွေတောင် ရှိတယ်။ ဒီတော့ ကျွန်တော့်တက္ကသိုလ်ကျောင်းသားဘဝက ဖြတ်သန်းခဲ့ရတဲ့ သင်္ကြန်ကာလနေ့ရက်တွေက ချစ်ခြင်းတွေနဲ့အဓိပ္ပာယ်ပြည့်မနေဘူးလားဗျာ။ ငယ်ဘဝကို ပြန်တွေးတိုင်း၊ သင်္ကြန်ကာလရောက်တိုင်း ဒီလိုနေ့ရက်တွေကို ပြန်ပြန်ပြီး သတိရမိသလို လွမ်းလည်းလွမ်းနေမိတယ်။ ဘယ်အချိန် ပြန်တွေးတွေး ငယ်ငယ်က ဖြတ်သန်းခဲ့ရတဲ့ သင်္ကြန်နေ့ရက်တွေက စိတ်ထဲမှာ စွဲထင်နေဦးမှာပါ။ ဒါပေမယ့် ဒီလိုအမုန်းတရားကင်းပြီး ချစ်ခြင်းတရားတွေကို ဖြစ်စေတဲ့ ဒီဓလေ့တွေကတော့ အခုတော့ ရွာမှာ မရှိတော့ဘူးတဲ့။ အမှန်ဆိုရင် ဒီဓလေ့က ထိန်းသိမ်းအပ်တယ်လို့ ကျွန်တော်ထင်မြင်မိပါတယ်။ ဘာလို့လဲဆိုတော့ ဒီဓလေ့က ရွာနီးချင်းက လူငယ်တွေအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို ဖြစ်ပေါ်စေလို့ဖြစ်ပါတယ်။

နောက်တစ်ခု အမှတ်ရမိတာရှိတယ်။ ရွာသင်္ကြန်မပြန်ဖြစ်တော့ဟိုအရင်အချိန် သင်္ကြန်ရက်တွေက ပါဝင်ဆင်နွှဲ ပျော်ခဲ့တာတွေက တစ်ခုပြီးတစ်ခု တရိပ်ရိပ်ပြန်ပြီးပေါ်လာတယ်။ အဲဒါက ရွာက လူငယ်လေးတွေကို စုစည်းပြီး နှစ်ဆန်းတစ်ရက်နေ့မှာ သက်ကြီးရွယ်အိုတွေကို ခြေသည်းလက်သည်းညှပ်ပေးတာ၊ ရေချိုးခေါင်းလျှော်ပေးတာတွေ၊ ရေချိုးဆိပ်တွေမှာ ခေါင်းလျှော်ရည်အိုးတွေချထားပေးတာ၊ နောက် စတုဒိသာမဏ္ဍပ်ဆောက်ပြီး အရပ်မျက်နှာအစုံမှ လာရောက်သူတွေကို အာဟာရဒါနပြုတာတွေကို ကုသိုလ်ယူ ပြုလုပ်ခဲ့တယ်။

စာမျက်နှာ ၁၇ သို့ ❑

❑ စာမျက်နှာ ၁၆ မှ
အဲဒီအချိန်က ကျွန်တော် ကျောင်းဆရာပေါက်စ ဖြစ်နေပါပြီ။ နှစ်ဆန်းတစ်ရက်နေ့မတိုင်ခင် ရပ်ကွက်အတွင်းကို လူငယ်တွေနဲ့ လိုက်ပြီး အလှူခံတယ်။ ရလာတဲ့ အလှူငွေတွေကို သေချာစိစစ်ပြီး ဝယ်ရမယ့်ပစ္စည်းတွေရှိရင် ခြောက်မိုင်လောက်ဝေးတဲ့ ကျောက်ထုမြို့ ကို လူငယ်သုံးယောက်လောက်နဲ့ ဈေးဝယ်လွှတ်ရတယ်။ ကျန်တဲ့ လူငယ်တွေက စတုဒိသာမဏ္ဍပ် ဆောက်သူကဆောက်၊ ချက်ပြုတ် ကျွေးမွေးဖို့အတွက် အိုးခွက်ပန်းကန်ငှားသူကငှား၊ အသံချဲ့စက်နဲ့ ဗီဒီယိုငှားသူကငှားနဲ့ နှစ်ဆန်းတစ်ရက်နေ့ အလှူအတွက် လုံးပန်းနေကြပါတယ်။ အားလုံးပြီးပြီဆိုရင် မနက်မှာ ကျွေးမွေးမယ့် အာဟာရ အလှူအတွက် ချက်ပြုတ်ဖို့ ပြင်ရပါပြီ။ တချို့ကလည်း ချက်ရင်း ပြုတ်ရင်း ကြည့်ရှုဖို့အတွက် ဗီဒီယိုစက်ဆရာနဲ့ အလုပ်ရှုပ်လို့ပေါ့။

**ရွာဦးဘုန်းတော်ကြီးကျောင်းကို ဆွမ်းထမင်းနဲ့သာကူ သွားရောက်လှူဒါန်း**

စတုဒိသာအတွက် ကျွေးမွေးတာတော့ များသောအားဖြင့် သာကူဖြစ်ပါတယ်။ တကယ်တော့ သာကူကြိုဖို့အတွက် အချိန်သိပ် မပေးရပေမယ့်လည်း လူငယ်တွေအနေနဲ့ကတော့ ညကတည်းက ကြိုတင်ပြင်ဆင်ထားကြတာ ဖြစ်ပါတယ်။ ညဦးပိုင်းမှာ ပြင်ရင်း ဆင်ရင်း ဗီဒီယိုကြည့်ကြတာပေါ့။ ည ၁၂ နာရီလောက်မှာ ဗီဒီယိုပြ တာရပ်ပြီး သာကူကြိုဖို့ စတင်ပါပြီ။ မီးမွှေးသူကမွှေး၊ သာကူ ကြိုမယ့်အိုး (မိုးပြဲဒယ်) ဆေးသူကဆေး၊ သာကူစေ့ ရေစိမ်သူကစိမ်နဲ့ ကိုယ်စီတာဝန်တွေကို စလုပ်ကြပါပြီ။ အဲဒီတော့ မနက် ၃ နာရီ လောက်မှာ သာကူအိုး လေးအိုးလောက်ကျက်ပြီ။ လူငယ်လေးတွေ ခဏအနားယူတယ်။ မနက်ကျွေးခါနီးမှ သာကူအိုးတွေကို ပြန်နွှေး မယ်ပေါ့။ အမျိုးသမီးငယ်လေးတွေကတော့ မနက်အရုဏ်ဆွမ်း အတွက် ဆွမ်းချက်တာတွေ ဆက်လက်လုပ်ပါတယ်။ မနက် ၆ နာရီ လောက်ရောက်တဲ့အခါ ရွာဦးဘုန်းတော်ကြီးကျောင်းကို ဆွမ်းထမင်းနဲ့ အတူ သာကူသွားရောက်လှူဒါန်းတယ်။

မနက် ၈ နာရီလောက်ရောက်တော့ မဏ္ဍပ်အတွင်းမှာ လာသမျှ လူပရိသတ်တွေကို သာကူဖြင့် ကျွေးမွေးဧည့်ခံမှုစတင်ပါပြီ။ ကျွန်တော်နဲ့ လူငယ်တချို့ကတော့ ခေါင်းလျှော်ရည်အိုးထည့်ဖို့အတွက် ရွာအရှေ့ဘက်က တောစပ်မှာ တရော်ခွာဖို့နဲ့ ဇောင်းမလေးရွက်ခူးဖို့ သွားရတယ်။ ပြန်ရောက်တော့ ခေါင်းလျှော်ရည်အိုးတည်မယ့်နေရာ တွေမှာ ရလာတဲ့ တရော်တွေနဲ့ ဇောင်းမလေးရွက်တွေကို သွားထား ပေးလိုက်တယ်။ ခေါင်းလျှော်ရည်အိုး တည်မယ့်သူတွေကလည်း ကျွန်တော်ရောက်တာနဲ့ သူတို့လုပ်ငန်းတွေ စတင်တယ်။ အဲဒီနောက် မှာတော့ လူငယ်တချို့က တရော်ကင်ပွန်းနဲ့ပြုလုပ်ထားတဲ့ ခေါင်းလျှော် ရည်အိုးရွက်သူရွက်၊ သာကူအိုးသယ်သူသယ်နဲ့ ဥပုသ်ကျောင်းဆောင် တွေကိုသွားပြီး ဥပုသ်ယူနေကြတဲ့ သက်ကြီးဘိုးဘွားတွေကို ခြေသည်း လက်သည်း ညှပ်ပေးတာတွေ၊ ခေါင်းလျှော်ရေချိုးပေးတာတွေ ပြုလုပ်ကုသိုလ်ယူကြပါတယ်။ လူကြီးသူမတွေရဲ့ ဆုပေးသံတွေက လည်း ကျွန်တော်တို့အဖွဲ့ လူငယ်လေးတွေရဲ့ မောပန်းစိတ်တွေကို ဖြေသိမ့်ကြည်နူးစေပါတယ်။ ဦးဆောင်ပေးသူ ကျွန်တော်ကိုယ်တိုင်လည်း လူငယ်လေးတွေ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်နေကြ တာတွေကို မြင်ရလို့ ကြည်နူးပီတိ ဖြစ်ခဲ့ရပါတယ်။

**နှစ်ဆန်းတစ်ရက်နေ့ အလှူဒါနပွဲလေး**

အမှန်ပြောရရင် ဒီပွဲကို ကျွန်တော်က ဦးဆောင်ပေးရုံပါ။ ဘာမှဝင် လုပ်စရာမလိုလောက်အောင် လူငယ်လေးတွေပဲ လုပ်သွားကြတာပါ။ ကျွန်တော် ဘာမှလှည့်ကြည့်စရာမလိုခဲ့ပါဘူး။ နောက်နှစ်တွေမှာလည်း ကျွန်တော်ဦးဆောင်ပြီး ဆက်လုပ်ခဲ့တယ်။ လေးနှစ်လောက်ပေါ့။ အဲဒီ နောက်ပိုင်းတော့ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်မလုပ်နိုင် တော့ဘူး။ ဒါပေမယ့်လည်း လူငယ်လေးတွေကပဲ အစဉ်အလာမပျက် လုပ်ခဲ့ကြတာ တွေ့ရတယ်။ အဲဒီတော့လည်း ကျွန်တော် ဝမ်းသာရပြန် ပါတယ်။ ဒါပေမယ့် သူတို့လည်း ငါးနှစ်လောက်အထိပဲ ဆက်လုပ်နိုင်ခဲ့ တယ်လို့ သိရတယ်။ အခုတော့ ရွာမှာ အဲဒီအစဉ်အလာပျက်သွားပြီတဲ့။ စိတ်မကောင်းဖြစ်ရပါတယ်။ ဖြစ်နိုင်ရင်တော့ ရွာကလူငယ်လေးတွေ ဆက်လုပ်စေချင်တာအမှန်ပါ။ သို့ပေမယ့်လည်း လူငယ်လေးတွေက ရွာမှာ သိပ်မရှိကြတော့ဘူးလေ။ “ရေကြည်ရာ မြက်နုရာ”ဆိုတဲ့ ဆိုရိုး စကားအတိုင်း ပြည်တွင်းပြည်ပမှာ သွားရောက်အလုပ်လုပ်တဲ့သူများ နေတော့ လူငယ်ဆိုတာ ရွာတွေမှာ နည်းပါးနေပြီ။ ဝါဝင်ဝါကျွတ်၊ သင်္ကြန်ရက်လို အခါကြီးရက်ကြီးတွေမှာလည်း ပြန်လာနိုင်တာဆိုလို့ ပြည်တွင်းမှာ အလုပ်လုပ်နေသူလောက်ပဲ ပြန်လာနိုင်ကြတယ်။ ပြန်လာတဲ့သူတွေမှာလည်း ဒီလိုအလှူဒါနလုပ်ချင်တဲ့စိတ် သိပ်မရှိကြတော့ဘူး။ ဦးဆောင်နိုင်သူ ကောင်းကောင်းရှိမှသာ လုပ်နိုင်ကြတော့တာ။ အဲဒီအတွက်ကြောင့်လည်း သင်္ကြန်ရက်တွေမှာ ကျွန်တော် ရွာပြန်နိုင်ဖို့ ကြိုးစားနေတာပါ။

ရွာပြန်ရောက်ဖြစ်ရင် ဆရာဖြစ်ချင်တဲ့ ဆန္ဒတွေ၊ ဆရာလုပ်ချင် တဲ့အရာတွေကို ဖြည့်ဆည်းလုပ်ကိုင်ပေးနိုင်မှာဖြစ်သလို ကျွန်တော် စခဲ့တဲ့ နှစ်ဆန်းတစ်ရက်နေ့ အလှူဒါနပွဲလေးကိုလည်း ပြန်လည် အသက်သွင်းနိုင်မယ်လို့ ထင်ပါတယ်။ ရွာမှာ ကျွန်တော့်တပည့်သား မြေးလေးတွေရှိနေသေးတော့ ကျွန်တော် ပြန်စည်းရုံးရမှာပေါ့။ သို့ပေ မယ့် ရွာကိုမပြန်ဖြစ်တော့ ဒါဟာ စိတ်ကူးသက်သက် ဖြစ်နေတာ နှစ်တွေကြာနေပြီ။ ဒီနှစ်လည်း စိတ်ကူးယဉ်သက်သက်သာ ဖြစ်သွား ရပြန်ပါပြီ။ ရွာကို မပြန်ဖြစ်ပြန်တော့ဘူးလေ။ ဒီတော့လည်း ဟိုတုန်းက ရွာသင်္ကြန်မှာ ကိုယ်ပါဝင်ခဲ့တဲ့အချိန် နေ့ရက်ပုံရိပ်တွေကို ပြန်တမ်းတ လွမ်းဆွတ်နေရုံပဲရှိတော့တာပေါ့။

“ဆရာရေ...ဒီနှစ်တော့ ဆရာ့တပည့်ကျွန်တော် ရွာမပြန်လာ ဖြစ်ပါဘူး။ နောက်နှစ် သင်္ကြန်ရောက်မှ ကျွန်တော်ရွာပြန်ပြီး ဆရာ ဖြစ်ချင်တဲ့ ဆန္ဒတွေကို အကောင်အထည်ဖော်ပေးပါမယ်။ ဒီနှစ်တော့ ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ”လို့ပဲ အဝေးကနေ တောင်းပန်လိုက်ပါ တယ်။ ဒီနှစ်သင်္ကြန်နှစ်သစ်ကူးကာလမှာ ဆရာတို့မိသားစုနဲ့ ရွာသူ ရွာသားအားလုံး ကျန်းမာပါစေ၊ လန်းဖြာပါစေ၊ ရေကစားကြမယ့် လူငယ်လေးတွေလည်း ဘေးဘယာကင်းဝေး အန္တရာယ်ရှင်းစွာနဲ့ ပျော်ရွှင်နိုင်ကြပါစေ။ ပြည်သူပြည်သားအားလုံးလည်း ဒီနှစ် နှစ်သစ်ကူး အခါသမယမှာ အေးချမ်းခြင်းတရားတွေ ရရှိကြပါစေလို့ မေတ္တာခံတ ဝေမျှလိုက်ပါတယ်။ ။

## မြန်မာ့ရိုးရာနှစ်သစ်ကူး

☆ ပိတောက်နှင့်ငုံ၊ အပြိုင်လုံ၍
လှုံ့ရပ်ပြည်မှာ၊ မွေးဖွားလာပြီး
မြန်မာပြည်မှ နှစ်သစ်ကူး။

☆ မြန်မာ့နှစ်ကူး၊ လတန်ခူး၌
ကြည်နူးသာယာ၊ အေးချမ်းစွာဖြင့်
မြန်မာဆန်ဆန်၊ တာသင်္ကြန်၌
မြန်ပြည်တစ်လွှား၊ ရေကစားကြ
ပျော်ပါးကြလျက်၊ မိဘဘိုးဘွား
သက်ကြီးများကို၊ လေးစားပူဇာ
ရိုသေစွာဖြင့်၊ မြန်မာဓလေ့
မြန်မာငွေ့ဖြင့်၊ ချမ်းမြေ့ရွှင်ပျ
ကန်တော့ကြသည်...၊
မြန်မာ့နှစ်ကူးလတန်ခူး။

☆ ဩော်... မြန်မာ့နှစ်ကူး၊ လတန်ခူး၌
ကြည်နူးသာယာ၊ အေးချမ်းစွာဖြင့်
ကမ္ဘာတစ်လွှား၊ မြန်မာများ၏
ရိုးသားပေါင်းစု၊ မြတ်ကောင်းမှုနှင့်
စတုဒိသာ၊ ကျွေးမွေးကာလျှင်
ညီညာပေါင်းစု၊ ကုသိုလ်ပြုကြ
လှူဒါန်းကြသည်...၊
မြန်မာ့ရိုးရာနှစ်သစ်ကူး။
အေးချမ်းကြည်နူးလတန်ခူး။
ငြိမ်းချမ်းပါစေဆုခြွေထူး...။

မြင့်မိုရ်ဦး (ပဲခူး)





မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို ဧပြီ ၁၂ ရက်က တွေ့ရစဉ်။ သိန်းဇော် (ကျည်ပွေ့)





ရမည်းသင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်း မြေပြင်စစ်ဆေးမှုကို တွေ့ရစဉ်။

❂ စာမျက်နှာ ၁၈ မှ

၇။ ရမည်းသင်းမြို့နယ်တွင် ရွာတန်းသဲကျွန်းကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ်အရေအတွက် ၁၀၀၊ အနောက်ဝွေးကုန်းကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၃၅၀၊ ဝါးဖြူတောင်ကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၅၀၊ ကမ္ဘကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၅၀၊ ရွာတန်းလယ်သာကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၁၄၈၊ တောင်ကန်ကြီးကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၁၀၀၊ သိုက်မျှောင်ကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၁၅၀၊ ဇီးဖြူကုန်းကျေးရွာအုပ်စုမှ ဆန္ဒမဲလက်မှတ် ၂၀၀၊ အမည်မသိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ဆန္ဒမဲလက်မှတ် ၁၃၇၊ စုစုပေါင်း ဆန္ဒမဲလက်မှတ်အရေအတွက် ၁၂၈၅ ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာမဲရုံမှူးများထံသို့ ပေးအပ်ခြင်း မပြုဘဲ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်အပ်နှံထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၆၈ အုပ်စုရှိသည့်အနက် ရပ်ကွက် ၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄ အုပ်စုတို့တွင် အပိုမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရှိရပြီး ရပ်ကွက် ၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စုတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရပါသည်။ အပို/ပျောက်ဆုံး စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၄ | ၄၁၀၀ | ၂၇၃၉ | ၁၃၆၁ | ၇၀၉ | ၆၅၂ | |
| ၂ | ရွှေစည်းခုံရပ်ကွက် | ၃ | ၃၄၀၀ | ၂၅၃၉ | ၈၆၁ | ၈၆၁ | | |
| ၃ | ကျောင်းတိုက်စုရပ်ကွက် | ၂ | ၂၁၀၀ | ၁၆၃၆ | ၄၆၄ | ၄၆၄ | | |
| ၄ | တဘက္ကာကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၆၄၉ | ၆၀၁ | ၅၉၃ | ၈ | |
| ၅ | ရွှေဒါးရွှေကုန်းကျေးရွာအုပ်စု | ၃ | ၄၀၀၀ | ၃၂၁၆ | ၇၈၄ | ၇၈၄ | | |
| ၆ | ရွှေဒါးသာစည်ကျေးရွာအုပ်စု | ၅ | ၄၁၀၀ | ၃၂၃၃ | ၈၆၇ | ၈၆၇ | | |
| ၇ | ဝါးတီးကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၉၈၆ | ၅၁၄ | ၅၁၄ | | |
| ၈ | ကန်ထက်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၁ | ၁၈၉ | ၁၈၉ | | |
| ၉ | ဇီးတော်ပင်ချောင်းခွကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၀၅ | ၂၉၅ | ၂၉၅ | | |
| ၁၀ | ဆူးတပ်အုပ်ဖိုကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၆၃ | ၄၃၇ | ၄၄၅ | | ၈ |
| ၁၁ | ထန်းတောကြံပင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၁ | ၂၀၉ | ၂၀၉ | | |
| ၁၂ | ကန်ဘဲ့ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၁၅၅ | ၅၄၅ | ၅၄၅ | | |
| ၁၃ | ထနောင်းကုန်းကျေးရွာအုပ်စု | ၁၀ | ၈၀၀၀ | ၅၅၁၁ | ၂၄၈၉ | ၂၂၃၉ | ၂၅၀ | |
| ၁၄ | နန်းလုံကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၃၆ | ၇၆၄ | ၄၆၄ | ၃၀၀ | |
| ၁၅ | နန်းခွဲကျေးရွာအုပ်စု | ၄ | ၁၃၅၀ | ၈၇၄ | ၄၇၆ | ၃၇၆ | ၁၀၀ | |
| ၁၆ | ငှက်သိုက်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၆၇ | ၃၃၃ | ၃၃၂ | ၁ | |
| ၁၇ | အင်ကြင်းကန်ကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၈၁၂ | ၈၈၈ | ၇၁၆ | ၁၇၂ | |
| ၁၈ | ကတင်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၂၅ | ၄၇၅ | ၄၇၅ | | |
| ၁၉ | အုန်းသီးကွဲကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၉၉ | ၂၀၁ | ၂၀၁ | | |
| ၂၀ | ကျွဲတပ်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၉၁ | ၆၀၉ | ၆၀၉ | | |
| ၂၁ | သင်ပန်းကုန်းကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၄၆၇ | ၇၃၃ | ၆၈၃ | ၅၀ | |
| ၂၂ | ဆည်ကြီးကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၁၀၈ | ၇၉၂ | ၇၇၁ | ၂၁ | |
| ၂၃ | သိမ်ကုန်းကျေးရွာအုပ်စု | ၆ | ၆၅၅၀ | ၄၆၃၉ | ၁၉၁၁ | ၁၅၆၁ | ၃၅၀ | |
| ၂၄ | မြင်းနားကျေးရွာအုပ်စု | ၆ | ၅၃၅၀ | ၄၁၇၈ | ၁၁၇၂ | ၁၁၂၁ | ၅၁ | |
| ၂၅ | အင်တိုင်းကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၄၈၀ | ၁၀၇၀ | ၁၀၂၂ | ၄၈ | |
| ၂၆ | ဆင်တွင်းကျောင်းကုန်းကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၆၅၉ | ၄၄၁ | ၃၄၁ | ၁၀၀ | |
| ၂၇ | ဝါးဖြူတောင်ကျေးရွာအုပ်စု | ၈ | ၃၈၅၀ | ၂၂၈၇ | ၁၅၆၃ | ၁၁၇၃ | ၃၉၀ | |
| ၂၈ | ဘွက်ကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၂၉၅ | ၁၀၀၅ | ၁၀၄၉ | | ၄၄ |
| ၂၉ | ရေဦးကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၀၁၈ | ၅၈၂ | ၅၂၄ | ၅၈ | |
| ၃၀ | ထိန်ကန်အုကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၀၀၀ | ၁၁၅၀ | ၇၅၀ | ၄၀၀ | |
| ၃၁ | ကန်ဆွယ်ကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၂၁၀၉ | ၈၉၁ | ၈၉၁ | | |
| ၃၂ | ဥသျှစ်ကုန်းကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၈၆၅ | ၄၈၅ | ၄၈၅ | | |
| ၃၃ | လက်ပံကုန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၂၀ | ၆၃၀ | ၆၃၄ | | ၄ |
| ၃၄ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၄ | ၄၄၀၀ | ၃၁၁၈ | ၁၂၈၂ | ၈၈၂ | ၄၀၀ | |
| ၃၅ | ထီးလှိုင်ကျေးရွာအုပ်စု | ၅ | ၃၇၅၀ | ၂၅၉၄ | ၁၁၅၆ | ၁၁၂၀ | ၃၆ | |
| ၃၆ | တောင်ဘိုကျေးရွာအုပ်စု | ၆ | ၃၉၅၀ | ၂၇၅၉ | ၁၁၉၁ | ၁၁၇၁ | ၂၀ | |
| ၃၇ | သဲကွဲကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၉၀ | ၁၆၀ | ၁၆၀ | | |
| ၃၈ | နွားဘူးကျင်းကျေးရွာအုပ်စု | ၅ | ၄၇၅၀ | ၂၈၀၇ | ၁၉၄၃ | ၁၆၄၃ | ၃၀၀ | |
| ၃၉ | ဝါတိုးရပ်ကွက် | ၄ | ၅၀၅၀ | ၃၇၆၄ | ၁၂၈၆ | ၁၂၈၆ | | |
| ၄၀ | အောင်မင်္ဂလာရပ်ကွက် | ၆ | ၆၅၅၀ | ၄၆၂၂ | ၁၉၂၈ | ၂၃၀၁ | | ၃၇၃ |
| ၄၁ | အင်းကုန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၀ | ၁၉၀ | ၁၉၀ | | |
| ၄၂ | အလယ်ကုန်းကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၈၂၇ | ၁၁၂၃ | ၆၁၉ | ၅၀၄ | |
| ၄၃ | ပဲ့ဆည်ကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၂၇၀ | ၁၃၃၀ | ၁၃၃၀ | | |
| ၄၄ | ဝါးရုံတောကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၉၃ | ၃၀၇ | ၃၀၇ | | |
| ၄၅ | မြို့လှကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၂၄၈၀ | ၇၇၀ | ၇၇၀ | | |
| ၄၆ | အင်းပေါင်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၀၁၄ | ၇၈၆ | ၇၈၉ | | |
| ၄၇ | ပျားစီကျေးရွာအုပ်စု | ၄ | ၃၈၀၀ | ၂၆၄၇ | ၁၁၅၃ | ၁၁၅၃ | | |
| ၄၈ | ဆတ္တိုးကြီးကျေးရွာအုပ်စု | ၅ | ၅၃၅၀ | ၃၃၃၅ | ၂၀၁၅ | ၁၈၇၆ | ၁၃၉ | |
| ၄၉ | ပုတီးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၃၈ | ၃၆၂ | ၃၆၂ | | |
| ၅၀ | မကျီးကုန်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၉၆ | ၆၅၄ | ၆၅၄ | | |
| ၅၁ | အင်တောကြီးကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၁၅၈ | ၆၉၂ | ၆၉၂ | | |
| ၅၂ | ကမ္ဘကျေးရွာအုပ်စု | ၅ | ၅၂၀၀ | ၃၅၁၉ | ၁၆၈၁ | ၁၆၃၃ | ၄၈ | |
| ၅၃ | အိုင်တိုကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၅၆၀ | ၁၀၄၀ | ၁၀၄၂ | | ၂ |
| ၅၄ | လှစင်ကျေးရွာအုပ်စု | ၁၃ | ၈၁၅၀ | ၄၈၂၈ | ၃၃၂၂ | ၂၉၇၄ | ၃၄၈ | |
| ၅၅ | ဆည်ကန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၃၈ | ၇၆၂ | ၇၆၂ | | |
| ၅၆ | ကန်ဦးကျေးရွာအုပ်စု | ၅ | ၄၁၀၀ | ၂၆၅၄ | ၁၄၄၆ | ၁၄၄၆ | | |
| ၅၇ | ရင်ဂါတ်ကုန်းကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၂၄၂၀ | ၁၁၈၀ | ၁၀၈၀ | ၁၀၀ | |
| ၅၈ | သိုက်မျှောင်ကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၂၁၆၇ | ၈၈၃ | ၈၃၃ | ၅၀ | |
| ၅၉ | ကျောက်ဖူးကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၁၀၇ | ၈၉၃ | ၇၉၇ | ၉၆ | |
| ၆၀ | ကုလားမျောကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၅၄ | ၇၄၆ | ၆၄၆ | ၁၀၀ | |
| ၆၁ | ပေါက်အိုင်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၂၀ | ၄၈၀ | ၄၈၀ | | |
| ၆၂ | သစ်ဆုံကြီးကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၉၆ | ၁၀၀၄ | ၈၀၄ | ၂၀၀ | |
| ၆၃ | ကန်ကြီး(တောင်ကန်ကြီး)ကျေးရွာအုပ်စု | ၅ | ၄၁၅၀ | ၃၁၂၀ | ၁၀၃၀ | ၉၂၉ | ၁၀၁ | |
| ၆၄ | ဝွေးကုန်းကျေးရွာအုပ်စု | ၅ | ၄၄၀၀ | ၃၄၅၇ | ၉၄၃ | ၅၄၃ | ၄၀၀ | |
| ၆၅ | ဖိုကုန်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၇၈ | ၆၂၂ | ၆၂၂ | | |
| ၆၆ | ရွာတန်းလယ်သာကျေးရွာအုပ်စု | ၅ | ၄၈၀၀ | ၃၅၂၄ | ၁၂၇၆ | ၈၅၆ | ၄၂၀ | |
| ၆၇ | ရွာတန်းသဲကျွန်းကျေးရွာအုပ်စု | ၇ | ၈၂၀၀ | ၆၀၈၀ | ၂၁၂၀ | ၂၀၁၂ | ၁၀၈ | |
| ၆၈ | အနောက်အုပ်ဖိုကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၇၃၀ | ၆၂၀ | ၆၂၀ | | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၂၄၇ | ၂၁၉၈၅၀ | ၁၅၅၆၈၇ | ၆၄၁၆၃ | ၅၈၂၇၃ | ၆၃၂၁ | ၄၃၁ |
| | ရပ်/ကျေးမှသီးသန့်အပ်နှံ | | | | | ၁၂၈၅ | | ၁၂၈၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၆၆၁ | ၆၆၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၆၄၄ | | ၅၆၄၄ | ၅၆၄၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၄၇ | ၂၂၆၁၅၅ | ၁၅၆၃၄၈ | ၆၉၈၀၇ | ၆၅၂၀၂ | ၆၃၂၁ | ၁၇၁၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၉-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

၁၃။ ပထမဦးစွာ **Voice Of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်းက** မဲလက်မှတ်များကို မည်သည့်နေရာတွင် ရိုက်နှိပ်ခဲ့ပါသလဲ၊ မည်မျှရိုက်နှိပ်ခဲ့ပါသလဲ၊ မည်သူတာဝန်ယူလုပ်ခဲ့ပါသလဲ၊ တင်ဒါပေးခြင်းလား၊ ကော်မရှင်က လုပ်ဆောင်ခြင်းလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**UEC ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရ**

၁၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** ဆန္ဒမဲလက်မှတ်များနှင့် ပတ်သက်ပြီး ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ကျင်းပပြီးခဲ့သည့် ၂၀၁၀၊ ၂၀၁၅၊ ကြားဖြတ်ရွေးကောက်ပွဲအားလုံး၏ မဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနကိုသာ အပ်နှံကြောင်း၊ မဲလက်မှတ်လုပ်ငန်းများက အရေးကြီးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို အပ်နှံကြောင်း၊ အပ်နှံသည့်အရေအတွက်မှာ ၁၃၉၃၃၁၃၂၀ အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ UEC ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရကြောင်း၊ ရိုက်နှိပ်သည့်အချိန်မှာ ရန်ကုန်နှင့် နေပြည်တော်တပ်ကုန်းတို့တွင် ရိုက်နှိပ်ကြောင်း၊ ရိုက်နှိပ်သည့်အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ရေးအဖွဲ့များ၊ UEC က တာဝန်ရှိသော ညွှန်ကြားရေးမှူးအထက် ကိုယ်စားလှယ်တစ်ယောက်အပါအဝင် စုပေါင်းပြီး မှန်ကန်အောင် စိစစ်ခြင်းများ၊ ရိုက်နှိပ်မှုများကို ဆောင်ရွက်ရကြောင်း၊ ထုတ်ပေးသည့်အချိန်တွင်လည်း ပူးပေါင်းပြီး ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၁၅။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဒေါက်တာဇော်သန်းက** ပြီးခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦးက UEC ကို PR စနစ်နှင့်ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့သည်ကို သတိပြုမိကြောင်း၊ မိမိအနေဖြင့် ထိုမေးခွန်းကို Follow up လိုက်ပြီးမေးချင်ကြောင်း၊ PR စနစ်နှင့် ပတ်သက်ပြီး ကျင့်သုံးနိုင်မှုအလားအလာ၊ အကယ်၍ အလားအလာရှိခဲ့ပါက မည်သည့်ပုံစံဖြင့်သွားမည်ကို သိချင်ကြောင်း မေးမြန်းသည်။

၁၆။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** PR စနစ်နှင့်ပတ်သက်ပြီး (အချိုးကျ စနစ်)၊ ယခုမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည်မှာ FPTP (အများဆုံးကို တစ်ဦးတည်းအနိုင်ယူသည့်စနစ်) ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည့်အချိန်တွင် နိုင်ငံရေးပါတီများက တင်ပြခဲ့မှုလည်းရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုက်ညီမည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးနိုင်ရေးကို ဆောင်ရွက်ပေးရန် ထိုကိစ္စနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင်လည်း တင်ပြခဲ့မှုရှိကြောင်း၊ နိုင်ငံရေးပါတီများကို PR စနစ်နှင့်ပတ်သက်ပြီး စာတမ်းများပေးပို့ရန် အကြောင်းကြားထားကြောင်း၊ နိုင်ငံရေးပါတီသုံးပါတီက PR စနစ်နှင့် ပတ်သက်သည့် အကြောင်းပြန်ချက်များ၊ စာတမ်းများ ရရှိခဲ့မှုလည်း ရှိကြောင်း၊ ယခုမှသာ PR စနစ်က ပေါ်ပေါက်ခြင်း မဟုတ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်း၌ အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးက အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရေးကို လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ကြောင်း၊ ၎င်းအဆိုသည် အမျိုးသားလွှတ်တော်တွင် အောင်မြင်ခဲ့ကြောင်း၊ ထို့နောက် PR စနစ် ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့မှုရှိကြောင်း၊ ဖွဲ့စည်းပြီး ကော်မရှင်ကို အစီရင်ခံစာတင်သွင်းမှုကိုလည်း တွေ့ရကြောင်း၊

> ☆ **ကမ္ဘာ့နိုင်ငံများတွင် PR စနစ် မျိုးကွဲများစွာရှိကြောင်း၊ အဓိကအသုံးပြုနေသည်မှာ သုံးမျိုးခန့်ရှိကြောင်း၊ နိုင်ငံပေါင်း ၈၀ တွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေးသမိုင်းကြောင်းတို့အပေါ် မူတည်ပြီး ကျင့်သုံးသင့်။**
>
> ☆ **မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း လွယ်ကူစွာသိရှိနားလည်သည့် ရိုးရှင်းလွယ်ကူသောစနစ်ကို ရွေးချယ်သုံးသပ်ပြီး ဆောင်ရွက်နိုင်ကြောင်းနှင့် လက်ရှိအခြေအနေတွင် ကနဦးစိစစ်တွေ့ရှိမှုများကိုသာ တင်ပြခြင်းဖြစ်။**



ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများကို တွေ့ရစဉ်။

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံရေးပါတီ ၁၀ ပါတီခန့်က FPTP စနစ်ကနေ PR စနစ်ကို ပြောင်းရန်အတွက် အကြံပြုချက်စာတမ်းများ ကော်မရှင်ကို တင်ပြခဲ့မှုလည်း တွေ့ရကြောင်း၊ PR စနစ် (အချိုးကျကိုယ်စားပြုစနစ်) အဓိပ္ပာယ်က မဲဆန္ဒနယ်ဧရိယာကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ထိုမဲဆန္ဒနယ်မှာ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေပါ သတ်မှတ်ကြောင်း၊ ပြီးနောက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း၊ ယှဉ်ပြိုင်ပြီးပါက ပါတီအလိုက် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များက ရရှိသည့် ထောက်ခံဆန္ဒမဲလက်မှတ်အပေါ် မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျသတ်မှတ်ကာ ရွေးချယ်သည့်စနစ်ဟု အကြမ်းဖျင်းပြော၍ရကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် PR စနစ် မျိုးကွဲများစွာရှိကြောင်း၊ အဓိကအသုံးပြုနေသည်မှာ သုံးမျိုးခန့်ရှိကြောင်း၊ နိုင်ငံပေါင်း ၈၀ တွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေးသမိုင်းကြောင်းတို့အပေါ်မူတည်ပြီး ကျင့်သုံးသင့်ကြောင်း၊ အဓိက PR စနစ်သုံးမျိုးမှာ ပါတီအမည်စာရင်းကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List Propotional Representation System)၊ ပါတီနှင့် အမတ်လောင်းနှစ်ခုလုံး တစ်ပါတည်းရွေးချယ်သည့်စနစ်၊ ပေါင်းစပ်ထားသည့် အချိုးကျရွေးချယ်သည့်စနစ်၊ တစ်နည်းအားဖြင့် (Mix Member Propotional System)၊ ထိုအချက်မှာ ပါတီ၊ ကိုယ်စားလှယ်များပါ နာမည်ပေးပြီး အချိုးကျရွေးသည့်စနစ်၊ နောက်တစ်ခုမှာ လွှဲပြောင်း၍ရသည့် တစ်မဲတည်းမဲပေးစနစ် (Single Transferable Volt – STV ) ဖြစ်ကြောင်း၊ ထို PR စနစ်သုံးမျိုးထဲမှာမှ အမှတ်စဉ်တွင် ပထမနှစ်မျိုးက အများစုအသုံးပြုကြကြောင်း၊ တတိယဖြစ်သည့် လွှဲပြောင်းပေးရသည့်မဲများက တွက်ချက်ရခက်ခဲခြင်း၊ နားလည်မှုခက်ခဲခြင်း၊ ရှုပ်ထွေးမှုရှိခြင်းတို့ကြောင့် ကျင့်သုံးမှုနည်းပါးသည်ကို တွေ့ရကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးမည်ဆိုပါက စဉ်းစားသုံးသပ်ရန်လိုအပ်သည့် အချက်များကိုလည်း လေ့လာထားကြောင်း၊ ထိုအချက်များက ဥပဒေရေးရာမူဘောင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ၊ ပြင်ဆင်ရန်လို/ မလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပေးအပ်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၏ အနေအထားများကို သက်ရောက်မှု၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်သုံးရပ်တွင် PR စနစ်ကို ကျင့်သုံးနိုင်မှုအနေအထား၊ PR စနစ်ဖြင့် ကိုက်ညီသည့် ပြင်ဆင်ချက်များ ဆောင်ရွက်နိုင်မှုအနေအထား၊ PR စနစ်ဖြင့် ကိုက်ညီမည့် မဲဆန္ဒနယ်သတ်မှတ်ခြင်း အပါအဝင် ပါတီအလိုက် အချိုးကျကိုယ်စားလှယ်အရေအတွက် တွက်ချက်သည့် နည်းစနစ်များ၊ မဲရလဒ်စာရင်းများ ရေတွက်သည့် နည်းစနစ်များဖြစ်ပြီး ထိုအချက်များသည် လေ့လာရမည့်အချက်များဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်များလည်း ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များမှာ သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ State Holder များဖြစ်သည့် ပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများလည်း လိုအပ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းစဉ်များ ပြင်ဆင်၊ ရေးဆွဲ၊ ထုတ်ပြန်ရန်လည်း လိုအပ်ကြောင်း၊ ထို့နောက် ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များကိုလည်း လေ့ကျင့်ပေးရန်လည်း လိုအပ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူများကိုလည်း အသိပေးရန်လည်းလိုအပ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးမည့်အပိုင်းတွင်လည်း စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အကျဉ်းချုပ်တင်ပြခြင်းဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း လွယ်ကူစွာသိရှိနားလည်သည့် ရိုးရှင်းလွယ်ကူသော စနစ်ကို ရွေးချယ်သုံးသပ်ပြီး ဆောင်ရွက်နိုင်ကြောင်းနှင့် လက်ရှိအခြေအနေတွင် ကနဦးစိစစ်တွေ့ရှိမှုများကိုသာ တင်ပြခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အနေအထားဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၁၇။ **Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦးက** မဲမသမာမှုများနှင့် ပတ်သက်ပြီး ပါတီများ၏ရပ်တည်မှုကို ထိခိုက်နိုင်ပါသလား၊ နောက်လာမည့် ရွေးကောက်ပွဲကာလတွင် ထိုပါတီများ၏ရပ်တည်မှု အခြေအနေမည်သို့ရှိနိုင်မလဲ၊ ပါတီအသစ်များအတွက် မှတ်ပုံတင်၍ရပြီလား၊ မည်သည့်အချိန်ကာလတွင် မှတ်ပုံတင်၍ရမလဲကို သိလိုကြောင်း မေးမြန်းသည်။

**မဲစာရင်းစစ်ဆေးမှု**
**လက်ရှိအချိန်အထိ ၁၀၀ ကျော်ပြီ**

၁၈။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** မဲမသမာမှုများ၊ မဲစာရင်းစစ်ဆေးမှုများအပိုင်းကို လက်ရှိအချိန်အထိ ၁၀၀ ကျော်ပြီဖြစ်၍ သုံးချိုးတစ်ချိုးခန့် ရှိပြီဖြစ်ကြောင်း၊ ထုတ်ပြန်ပြီးသည်မှာ သုံးချိုး တစ်ချိုးရှိပြီး ထိုထက်ကျော်ကြောင်း၊ တစ်ဝက်နီးပါး လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်မှုအဆင့်မှာ ကျန်ရှိနေသေးကြောင်း၊ အားလုံးသိရှိရန်အတွက် တစ်ဝက်ကျော်ခန့် ကျန်ရှိသည့်အနေအထားမျိုး ရှိကြောင်း၊ ထို့ကြောင့်အားလုံးကို လွှမ်းခြုံပြီး ကျူးလွန်မှု၊ ဖောက်ဖျက်မှု၊ မဲမသမာမှုအတိုင်းအတာသည် စိစစ်နိုင်မှုအနေအထားမျိုးဖြစ်ကြောင်း၊

စာမျက်နှာ ၂၂ သို့ ❍

○ စာမျက်နှာ ၂၀ မှ
ပါတီများနှင့်ပတ်သက်၍ ပါတီမှတ်ပုံတင်ခြင်းအပိုင်းမှာ ပြီးခဲ့သည့်ကော်မရှင်လက်ထက် ကြေညာခဲ့မှုရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပခါနီးဖြစ်သည့်အတွက် Large State ပေးပြီး မှတ်ပုံတင်ခွင့်ကို ဤကာလနောက်ပိုင်း မပေးဘူးဆိုပြီး ပြောဆိုခဲ့မှုရှိကြောင်း၊ လက်ရှိကော်မရှင်အနေဖြင့် ပါတီများမှတ်ပုံတင်ခွင့် ပြန်လည်ဆောင်ရွက်နိုင်သည့်အနေအထားကို ကော်မရှင်အားတင်ပြပြီး အသိပေးထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်နိုင်သည့်အနေအထားကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၁၉။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က Democracy Destruction ဖြစ်၍ မိမိတို့နိုင်ငံတွင် ယနေ့အရေးပေါ်ကာလ ဖြစ်ပေါ်လာကြောင်း၊ အကြောင်းအချက် (၁) မှာဖွဲ့စည်းပုံအခြေခံဥပဒေတွင် UEC ကို သမ္မတက ခန့်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအားလုံး UEC အဆုံးအဖြတ်သာ အတည်ဖြစ်သည်ဆိုသည့် အားနည်းချက်ကြောင့် ရှေးလူကြီးများက သမ္မတနှင့် UEC ကို ယုံကြည်မှုကဲပြီး ဤကဲ့သို့ထင်ခဲ့ကြောင်း၊ ယခုအတိုင်း ထိုအားနည်းချက်ဖြင့်သာ ဆက်သွားပါက မိမိတို့၏ကျေးဇူးခံ၊ ကျေးဇူးစားများ စနစ်အပေါ်တွင် မိမိတို့ ဒီမိုကရေစီမှာ လမ်းချော်မြဲ ချော်နေမည်ဖြစ်ကြောင်း၊ မိမိမေးချင်သည်မှာ ယနေ့ UEC အနေဖြင့် ယခုသွားနေသည့်လမ်းကြောင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကိစ္စများကို မည်သည့်နည်းလမ်းဖြင့် ရွေးကောက်ပွဲလုပ်ရမည်ဟု သတ်မှတ်ထားသည်ကို မတွေ့ရကြောင်း၊ ထို့ကြောင့် PR ကဲ့သို့ နည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက ဒီမိုကရေစီလမ်းချော်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဟု ထင်ကြောင်း၊ တချို့ပါတီများကလည်း ထိုကိစ္စကို စိတ်ဝင်စားမှုရှိကြောင်း၊ ထို့ကြောင့် UEC အနေဖြင့် ပါတီများနှင့် ထိပ်တိုက်ဆွေးနွေးပြီး ထိုကိစ္စကို ဆောင်ရွက်ရန်အစီအစဉ်ရှိပါသလား၊ မည်သည့်ကာလတွင်ဖြစ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

## PR နှင့် ပတ်သက်သည့်စာတမ်းများ

၂၀။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ပါတီများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြောပြီးဖြစ်ကြောင်း၊ PR စာတမ်းများကို တောင်းထားပြီး နှစ်လ၊ သုံးလခန့်တွင် ပြန်ဆုံကာ PR နှင့် ပတ်သက်သည့်စာတမ်းများကို ဖတ်မည်၊ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပြီးမှ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်ကြမည်ကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သတ်မှတ်ကာလအတွင်း ထိုကိစ္စများနှင့် ပတ်သက်ပြီး မိမိအနေဖြင့် တိုးတက်မှုအခြေအနေကို ထပ်မံတင်ပြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၁။ ဆက်လက်၍ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း သွေဖည်မှုအကြောင်း(၂) မှာ နိုင်ငံခြားအထောက်အပံ့ဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့်ပါတီများ ရှိခဲ့၍ဖြစ်ကြောင်း၊ ထိုပါတီများရှိခဲ့မှုကို မိမိအထောက်အထားတစ်ခု တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့က နေပြည်တော် Hilton Hotel တွင် အမေရိကန်သံရုံး၏ ဆက်ဆံရေးရုံး ပန္နက်တင်ပွဲ၌ အမေရိကန်သံအမတ် စကော့မာစီရယ်က **“မြန်မာပြည်ကို ထောက်ပံ့မှုများမရှိကြောင်း၊ သို့သော်လည်း NLD ပါတီကို အမေရိကန်ဒေါ်လာ ၉၅၀ သန်း ထောက်ပံ့ခဲ့သည်”** ဟု တရားဝင်အဖွင့်မိန့်ခွန်းတွင် ပြောသွားကြောင်း၊ ထိုကဲ့သို့ပြောသွား၍ အမျိုးသားဒီမိုကရက်တစ်ပါတီဟု ထင်ကြောင်း၊ ပါတီဥက္ကဋ္ဌ ဦးစိုးမောင်က ကန့်ကွက်မှုလည်းရှိကြောင်း၊ ထိုကိစ္စသည် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ကြောင်း၊ နောက်အကြောင်းမှာ ရွေးကောက်ပွဲကာလတွင် အမေရိကန်သံရုံးက ရွေးကောက်ပွဲအတွက် အမေရိကန်ဒေါ်လာ ၄၆ သန်း ပံ့ပိုးသည်ဟု ပြောကြောင်း၊ ထိုအချိန်က UEC ဥက္ကဋ္ဌက တစ်ဒေါ်လာမှမရဘူးဟု ပြန်လည်ပြောကြောင်း၊ ထိုကိစ္စသည်လည်း ဟိုးလေးတကျော်ကျော် ဖြစ်သွားကြောင်း၊ ထိုအချိန်၌ NLD ပါတီပြောရေးဆိုခွင့်ရှိသူက ဤသည်မှာ အစိုးရ၏ လုပ်ပိုင်ခွင့်ထဲတွင် ဆက်လုပ်ခြင်းဖြစ်ကြောင်းနှင့် အစိုးရက စီမံခန့်ခွဲမည်ဟုပြောကြောင်း၊ အမှန်တကယ် မုံရွာအောင်ရှင်က အစိုးရကိုယ်စားလှယ်မဟုတ်ဘဲ ပါတီကိုယ်စားလှယ်ဖြစ်ပြီး ပါတီကိုယ်စားလှယ်က အစိုးရကိုယ်စားလှယ်၏စကားကို ဝင်ရောက်ပြောဆိုပြီး ငွေစီမံခန့်ခွဲသည့်ကိစ္စကို အဖြေထုတ်ကြောင်း၊ အားလုံးကလည်း ဆက်လက်ပြီး မပြောတော့ကြောင်း၊ သို့သော်လည်း ထိုကိစ္စသည် UEC ကို ကန့်ကွက်ထားမှုလည်းရှိကြောင်း၊ ထိုကိစ္စများသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း သွေဖည်သွားခြင်းသည် နိုင်ငံခြားအထောက်အပံ့များ ယူထား၍ သွေဖည်သွားခြင်းသည် သေချာသည့် အချက်အလက်များဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စများကို စိစစ်ဆောင်ရွက်ရန်၊ ယခု UEC က ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိပါလား ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၉) အနေဖြင့် ရွေးကောက်တင်မြှောက်ခြင်း၊ အခန်း (၁၀) နိုင်ငံရေးပါတီများ၊ အခန်း (၁၁) အရေးပေါ်ကာလဆိုသည့် ပြဋ္ဌာန်းချက်များရှိကြောင်း၊ မိမိတို့နှင့် သက်ဆိုင်သည်မှာ အခန်း (၉) နှင့် အခန်း (၁၀) ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပုဒ်မ ခြောက်ခုသာ ရှိကြောင်း၊ အလားတူနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများလည်းရှိကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေတွင် **ပါတီတစ်ခုသည် ပုဒ်မ ၆ ပါ အချက်အလက်များကို လိုက်နာရမည်**ဟု ပါရှိကြောင်း၊ **ပုဒ်မ ၁၂ ကို ကျူးလွန်ပါက ပါတီအတွက် ရပ်တည်ခွင့် မရှိ**ဟု ပါရှိကြောင်း၊ သို့သော်လည်း အရင်းအမြစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိကြောင်း၊ ၎င်းမှာ ပုဒ်မ ၄၀၇ ဖြစ်ကြောင်း၊ **နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း**- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ တွင် **“နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ” - (က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ (ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ (ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ (ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း**ဆိုသည့် လေးချက်တွင် ပါရှိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခု၊ အစိုးရ၊ ဘာသာရေးအဖွဲ့များမှ အထောက်အပံ့ယူပါက ရပ်တည်ပိုင်ခွင့်မရှိဟု ပါရှိပြီးဖြစ်ကြောင်း၊ ထိုအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးပါတီဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါရှိပြီးဖြစ်ကြောင်း၊ ထိုအချက်များနှင့် ပတ်သက်ပါက ခိုင်လုံသော အကြောင်းအချက်အလက်နှင့် အတိအကျ မိမိတို့ကော်မရှင်အနေဖြင့် လက်ခံရရှိပြီးပါက ဆောင်ရွက်မည်ဆိုပါက အဆိုပါဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၃။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းသည် တစ်နှစ်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် UEC က လုပ်ဆောင်ရမှာသည် နံပါတ် (၁) နှင့် နံပါတ် (၅) အချက်ဖြစ်ကြောင်း၊ နံပါတ် (၁) အချက် လုပ်ဆောင်သည်မှာ သုံးလရှိပြီးဖြစ်သော်လည်း တစ်ဝက်သာ ပြီးစီးသေးကြောင်း၊ မိမိတို့လူထုက သိချင်သည်မှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် မကိုက်ညီသည့် ပါတီများကို ရှင်းလင်းရန်၊ ပါတီအသစ်များကို လက်ခံ၍ စိစစ်အတည်ပြုရန်၊ ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ရန်၊ ရွေးကောက်ပွဲနီးလာသည့်အချိန် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်ပြီး ထိုကဲ့သို့လုပ်ငန်းများ အများကြီးကျန်ရှိနေသေးသည်ဟု မိမိတို့နားလည်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် UEC တွင် Time Table များရှိပါသလား၊ ရှိခဲ့ပါက လူထုက သိချင်နေကြောင်း မေးမြန်းသည်။

## ရလဒ်များ၊ ဆုံးဖြတ်ချက်များ ထွက်ရှိ

၂၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါရှိသည့် ရှေ့လုပ်ငန်းစဉ် နံပါတ်(၁) ကိုလည်းအလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် PR စနစ်ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ Review လုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည့် အနေအထားရှိကြောင်း၊ ဆောင်ရွက်ပြီးရလဒ်များ၊ ဆုံးဖြတ်ချက်များ ထွက်ရှိလာပါက အသိပေးကြေညာသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၅။ **NP News (National Post) သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ရွေးကောက်ပွဲပြန်လည်ကျင်းပပေးမည့်ပုံစံမျိုးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားပြီးဖြစ်၍ အကယ်၍ ရွေးကောက်ပွဲ ပြန်လည်ကျင်းပသည့်အချိန်တွင် ပြည်သူလူထုက ရွေးကောက်ပွဲကျင်းပခြင်းကို လုံးဝအယုံအကြည်မရှိကြောင်း၊ လုံးဝလက်မခံကြောင်းဆိုပြီး မဲလာမပေးခဲ့ပါက သို့မဟုတ် ပါတီတချို့ တော်တော်များများက ဝင်ရောက်မယှဉ်ပြိုင်ခဲ့ပါက မည်သို့ဖြစ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

၂၆။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတ်မှတ်ထားသော လုပ်ငန်းစဉ်တိုင်းတွင် ဥပဒေ၊ နည်းဥပဒေများရှိကြောင်း၊ ဆောင်ရွက်ရသည့် ရွေးကောက်ပွဲစက်ဝန်းပါလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကာလတွင် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များအပြည့်အဝရှိကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအထဲတွင်လည်း ပြဋ္ဌာန်းချက်များ အပြည့်အစုံရှိကြောင်း ရှင်းလင်းပြောကြားသည်။

၂၇။ **NP News (National Post) သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ဆိုလိုသည်မှာ လုံလောက်သည့် လူဦးရေမဲစာရင်းမပေးခဲ့ပါက ရွေးကောက်ပွဲ အထမမြောက်ဖြစ်သွားနိုင်လား၊ ဘာဆက်ဖြစ်သွားနိုင်လဲကို သိလိုကြောင်းမေးမြန်းသည်။

၂၈။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲလုပ်ငန်းစဉ်အတိုင်း ကော်မရှင်ကကြေညာမည်၊ မှတ်ပုံတင်သည့်သူက မှတ်ပုံတင်မည်၊ မိမိတို့က ထိုအချက်များကြုံရသည့် အနေအထားလည်း မဟုတ်သေးကြောင်း၊ မိမိတို့က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်သည့် အချိန်တွင် သတ်မှတ်သောဘောင်အတိုင်းသာ ယခင်ရွေးကောက်ပွဲများတွင်လည်း ထိုကဲ့သို့စိန်ခေါ်မှုများ၊ အခက်အခဲများကြားက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လက်ရှိ လာမည့်ရွေးကောက်ပွဲကိုလည်း သတ်မှတ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်လက်စွဲများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**★ ထို့အတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့်** PR **စနစ်ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍** Review **လုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည့် အနေအထားရှိကြောင်း၊ ဆောင်ရွက်ပြီးရလဒ်များ၊ ဆုံးဖြတ်ချက်များ ထွက်ရှိလာပါက အသိပေးကြေညာသွားမည်ဖြစ်။**

**★ လာမည့်ရွေးကောက်ပွဲကိုလည်း သတ်မှတ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်လက်စွဲများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား။**

(ဆက်လက်ဖော်ပြပါမည်)

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ(COVID–19 Vaccination Fund)မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၇၃ ဒသမ ၉၆၅ သန်း ဖြစ်ပါသည်။ ဧပြီ ၁၂ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၈–၄–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၅၇၉,၉၈၅,၁၁၅.၃၉ |
| (+) ၈–၄–၂၀၂၁ မှ ၁၂–၄–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၇၃,၉၆၅,၀၀၀.၀၀ |
| ၁၂–၄–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၆၅၃,၉၅၀,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၈–၄–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+) ၈–၄–၂၀၂၁ မှ ၁၂–၄–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၂–၄–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID–19 Vaccination Fund) OA 013733**
**အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၈–၄–၂၀၂၁ ရက်နေ့မှ ၁၂–၄–၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၈-၄-၂၀၂၁ | ၁၀၀,၀၀၀ |
| ၁ | [illegible] | ၁၀၀,၀၀၀ |
| | ၉-၄-၂၀၂၁ | ၇၃,၈၆၅,၀၀၀ |
| ၁ | [illegible] | ၇၃,၈၆၅,၀၀၀ |
| | (၈-၄-၂၀၂၁ ရက်နေ့မှ ၁၂-၄-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၇၃,၉၆၅,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ**

# ဧပြီ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၂–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၁–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၅,၃၁၂) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ❐ မြန်မာ့မီးရထားမှ

ထိုနည်းတူ အင်းစိန်–ဥက္ကံ–အင်းစိန်ခရီးစဉ်တွင် အင်းစိန်–ဥက္ကံ အဆန် RBE လူစီးရထားသည် အင်းစိန်ဘူတာမှ နံနက် ၇ နာရီခွဲတွင် စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်ခဲ့ရာ ဥက္ကံဘူတာသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့သည်။ ဥက္ကံ–အင်းစိန် အစုန် RBE လူစီးရထားခရီးစဉ်အဖြစ် ဥက္ကံဘူတာမှ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြန်လည်ထွက်ခွာလာရာ အင်းစိန်ဘူတာသို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

**အောင်မြင်စွာပြေးဆွဲနိုင်ခဲ့**

အဆိုပါ မန္တလေး– ရွှေဘို– မန္တလေးလမ်းပိုင်း ရထားပြေးဆွဲမှု ဆောင်ရွက်နေစဉ်အတွင်း အဆန် RBE ခရီးစဉ်တွင် ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာအကြား၊ သာလှိုင်းဘူတာနှင့် ဝက်လက်ဘူတာအကြားတွင် သံလမ်းပေါ် မြေသားများပိတ်ဆို့ထားခြင်း၊ အင်္ဂတေဖြင့် သံလမ်းတစ်ဖက်တစ်ချက်အား သွန်းလောင်းထားခြင်း၊ အစုန် RBE ခရီးစဉ်တွင် ဝက်လက်ဘူတာနှင့် သာလှိုင်းဘူတာအကြားတွင် ခဲအိတ် သုံးအိတ်ဖြင့် သံလမ်းပေါ် ဘေးတစ်ဖက်တစ်ချက်တွင် တင်ဆောင်ပိတ်ဆို့ထားခြင်းနှင့် အင်္ဂတေပြန်လည်လောင်းရန် ရည်ရွယ်ချက်ဖြင့် သံလမ်းပေါ်တွင် ကျောက်ခဲ နှစ်ပုံ စုပုံထားခြင်းများ ကြုံတွေ့ခဲ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့သဖြင့် ရထားသည် ခရီးဆုံးဘူတာသို့ အောင်မြင်စွာပြေးဆွဲနိုင်ခဲ့သည်။

**နေ့စဉ်ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး**

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေး–ရွှေဘိုခရီးစဉ်၊ အင်းစိန်–ဥက္ကံ ခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၉၂၂၀၉၇ | ၂၄၄၈၀၇၉၄ | ၅၇၅၈၅၁ |
| ၂။ | အိန္ဒိယ | ၁၃၅၂၇၇၁၇ | ၁၂၁၅၆၅၂၉ | ၁၇၀၂၀၉ |
| ၃။ | ဘရာဇီး | ၁၃၄၈၂၅၄၃ | ၁၁၈၈၀၈၀၃ | ၃၅၃၂၉၃ |
| ၄။ | ပြင်သစ် | ၅၀၅၈၆၈၀ | ၃၀၉၇၈၇ | ၉၈၇၅၀ |
| ၅။ | ရုရှား | ၄၆၄၉၇၁၀ | ၄၂၇၂၁၆၅ | ၁၀၃၂၆၃ |
| ၆။ | ဗြိတိန် | ၄၃၆၉၇၇၅ | ၃၉၇၂၀၂၉ | ၁၂၇၀၈၇ |
| ၇။ | တူရကီ | ၃၈၄၉၀၁၁ | ၃၃၃၁၄၁၁ | ၃၃၉၃၉ |
| ၈။ | အီတလီ | ၃၇၆၉၈၁၄ | ၃၁၂၂၅၅၅ | ၁၁၄၂၅၄ |
| ၉။ | စပိန် | ၃၃၄၇၅၁၂ | ၃၀၉၅၉၂၂ | ၇၆၃၂၈ |
| ၁၀။ | ဂျာမနီ | ၃၀၁၇၂၃၇ | ၂၆၈၃၉၀၀ | ၇၉၀၉၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၇၁၈၂၄ | ၁၄၁၉၇၉၆ | ၄၂၆၅၆ |
| ၂။ | ဖိလစ်ပိုင် | ၈၇၆၂၂၅ | ၇၀၃၆၂၅ | ၁၅၁၄၉ |
| ၃။ | မလေးရှား | ၃၆၂၀၇၃ | ၃၄၅၀၀၅ | ၁၃၃၃ |
| ၄။ | မြန်မာ | ၁၄၂၅၉၆ | ၁၃၁၈၆၉ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၆၇၈ | ၆၀၃၃၅ | ၃၀ |
| ၆။ | ထိုင်း | ၃၃၆၁၀ | ၂၈၂၄၈ | ၉၇ |
| ၇။ | ကမ္ဘောဒီးယား | ၄၅၁၅ | ၂၂၁၂ | ၃၀ |
| ၈။ | ဗီယက်နမ် | ၂၇၀၅ | ၂၄၄၅ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| ၁၀။ | လာအို | ၅၂ | ၄၉ | ၀ |

**ကိုဗစ်–၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**



## မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မကွေး မေ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို မေ ၁၀ရက် နံနက် ၁၀ နာရီက မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဖန်ခါးမြေဘိုးဘွားရိပ်သာအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး ဘိုးဘွားရိပ်သာရှိဘိုးဘွား၂၄ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘိုးဘွားများအတွက် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ဆန်တစ်အိတ်၊ ဆီငါးပိဿာနှင့် အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဘိုးဘွားများ ဖြည့်စွက်စာများအဖြစ် ကြက်ဥ၊ ငါးသေတ္တာဘူးနှင့် လက်ဖက်ရည်ထုပ်များ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးကြီး မင်းမင်းကို၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်၊ မကွေးတပ်နယ်မှူးဗိုလ်မှူးကြီး ကျော်စိုးလွင်၊ အမှတ်(၁၆)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) မှ တပ်မှူး ဗိုလ်မှူး သိန်းထွန်းမြင့်၊ မကွေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့ဝင်များ၊ မကွေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မကွေးခရိုင် (ပြန်/ဆက်)**

## ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲများကျင်းပရေး ဆွေးနွေး

**မြစ်ကြီးနား မေ ၁၂**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မြန်မာ့ရိုးရာအစဉ်အလာမပျက် မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ပြသသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့အတွက် ကုသိုလ်ကောင်းမှုပြုသည့် အခမ်းအနားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီး အနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးက မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပြုလုပ်မည့် အခမ်းအနားများအတွက် ဆပ်ကော်မတီအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနားတစ်ခုချင်းအလိုက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားတက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အခမ်းအနားများ အောင်မြင်စွာပြုလုပ်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လိုအပ်ချက်များအပေါ် ဆပ်ကော်မတီအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**



## မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစည်းဝေး

**မော်လမြိုင် မေ ၁၂**

မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအထောက်အကူပြု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက "မော်လမြိုင်ရှိ ခုတင် ၃၀၀ ဆံ့ တပ်မတော်ဆေးရုံကြီးမှာလည်း လူနာတွေ တဖြည်းဖြည်းများလာပြီ ဖြစ်ပါတယ်၊ ဆေးရုံတွေ ပြန်လည်ဖွင့်လှစ်နိုင်နိုင်ရေး ဆွေးနွေးပေးကြပါစေလိုပါတယ်၊ အားလုံးက ပေါင်းစပ်ပြီး ညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် ဆေးရုံတွေ ဘယ်လိုပြန်လည်ဖွင့်လှစ်နိုင်မယ်ဆိုတာ နည်းလမ်းတွေရရှိလာမှာ ဖြစ်ပါပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်နှင့် ဒေါက်တာနန္ဒဝင်းတို့က ပြည်နယ်အတွင်းရှိပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ အမျိုးသမီးနှင့် ကလေးဆေးရုံ ဆေးရုံအုပ်ကြီးဒေါက်တာနိုင်ဦးတို့က ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေးတင်ပြကြသည်။



ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဆရာဝန်ကြီးများ၊ အငြိမ်းစားဆရာဝန်ကြီးများ၊ ပုဂ္ဂလိကပိုင်ဆေးရုံအုပ်ကြီးများ၊ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အထွေထွေဆွေးနွေးတင်ပြပြီး မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်ပြည်နယ်တွင် ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး တစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး တစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံငါးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံနှစ်ရုံနှင့် ၁၆ ခုတင်ဆံ့ ဆေးရုံ ၃၀ စုစုပေါင်း ဆေးရုံ ၄၁ ရုံ ရှိကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒလမြို့နယ်၌ သောက်သုံးရေရှားပါးသောရပ်ကွက်များသို့ သောက်သုံးရေများပေးဝေ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နွေရာသီကာလအတွင်း သောက်သုံးရေကန်များ ခန်းခြောက်လာခြင်းကြောင့် ရေအခက်အခဲများနှင့် ကြုံတွေ့လျက်ရှိရာ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ရေရှားပါးသော ရပ်ကွက်များသို့သောက်သုံးရေများပေးဝေလျက်ရှိကြောင်း သိရသည်။



ထိုသို့ ပေးဝေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မတ် ၂၆ ရက်မှ စတင်၍ မြို့နယ်အတွင်း သောက်သုံးရေကန် ခန်းခြောက်မှုဖြစ်ပေါ်ခြင်းကြောင့် ရေအခက်အခဲရှိသော ရာဇသင်္ကြန်ရပ်ကွက် ဒေသခံပြည်သူများအား ရေဂါလန် ၉၆၀၀ပေးဝေနိုင်ခဲ့ပြီး သောက်သုံးရေ လိုအပ်သော မော်စက်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် တံတားချောင်းစံပြကျေးရွာများသို့ ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၈ ရက်အထိ ရေဂါလန်ပေါင်း ၁၅၆၀၀ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်မှ အိမ်ခြေ ၄၅၆၂ အိမ်အား ရေဆက်သွယ်ထားပြီး ပိုက်လိုင်းဆက်သွယ်ထားခြင်း မရှိသေးသော ရပ်ကွက်များအား ဂါလန် ၁၂၀၀ ဆံ့ အုတ်ကန်၊ ကွန်ကရစ်ကျောက်ဝွေ စုစုပေါင်း ၃၄ နေရာအား တစ်ရက်ခြား အချိန်ပိုင်းဖြင့် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ကျန်ရှိသော အိမ်ထောင်စုများမှာ မြေသားရေကန်များကိုသာ အားထားကြရသည်။ မြို့ပေါ်ရပ်ကွက် ၂၄ ခုတွင် မြေသားသောက်ရေကန် ၁၂၄ ကန်၊ ကျေးရွာများတွင် မြေသားသောက်ရေကန် ၂၀၈ ကန်၊ မြေသားရေကန်ပေါင်း ၃၃၂ ကန်မှ ရေကို သုံးစွဲနေရသည်။

ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများရှိ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့လာပါက မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ ဖုန်းနံပါတ်-၀၉-၄၄၃၁၅၅၉၃၇ သို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်၍ အကူအညီများ တောင်းခံနိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မုံရွာမြို့ အဝေးပြေးကားကြီးကွင်းတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**မုံရွာ ဧပြီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အဝေးပြေးကားကြီးဝင်းတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းထံမှ သိရသည်။

အဝေးပြေးကားကြီးဝင်းတည်ဆောက်မှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ရာ ယနေ့အချိန်ထိ တည်ဆောက်ပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

"အဝေးပြေးကားကြီးဝင်းတည်ဆောက်မှုကတော့ ၉၀ ရာခိုင်နှုန်းကျော်ပဲ ပြီးသေးတာ။ ရာနှုန်းပြည့်ပြီးဖို့က အချောကိုင်တာလေးတွေပဲကျန်တော့တာပါ။ လက်ရှိဖြစ်ပေါ်နေတဲ့ကာလနဲ့ဆိုတော့ အလုပ်မဆင်းတာတွေရှိတယ်။ အဲတော့ ရာနှုန်းပြည့်ပြီးဖို့က ဒီနှစ်တည်းမှာ မျှော်မှန်းထားပါတယ်"ဟု ဦးထွန်းထွန်းက ပြောကြားသည်။

မုံရွာမြို့ ကားကြီးဝင်းအတွင်း၌ အဝေးပြေးကားကြီးဝင်း တည်ဆောက်လျက်ရှိရာ အဆိုပါစီမံကိန်းပြီးစီးပါက လက်ရှိပြေးဆွဲနေသည့် ကားလေးဝင်းအတွင်းရှိ ကားကြီးများကို စနစ်တကျ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဓိကကျတဲ့မြို့တော်ဖြစ်တယ်။ အထက်ချင်းတွင်းဘက်တွေမှာ ကုန်လမ်းရော ရေလမ်းပါ ရှိတယ်။ ချင်းပြည်နယ်ဘက်မှာ ဆိုရင်လည်း ဒီကနေဖြတ်သွားရတာ။ အဓိကကုန်စည်စီးဆင်းမှုတွေနဲ့ပတ်သက်ပြီး အရေးပါတဲ့မြို့ဖြစ်ပါတယ်။ ခရီးသည်တွေသွားလာတဲ့အခါ အခက်အခဲတွေရှိတယ်။ ဒါကြောင့် မဖြစ်မနေလိုအပ်တဲ့အတွက် အဝေးပြေးကားကြီးဝင်း အသစ် တည်ဆောက် ပေးတာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကားကြီးဝင်းတည်ဆောက်ပြီးပါက ခရီးသည်များနှင့် ပြည်သူများပါ အဆင်ပြေစွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများ ပိုကောင်းလာနိုင်ကာ ယာဉ်အန္တရာယ်များလည်း ကင်းရှင်းသွားမည်ဖြစ်သည်။

အဆိုပါအဝေးပြေးကားကြီးဝင်းကို ULTRA Company Limited က တာဝန်ယူတည်ဆောက်လျက်ရှိရာ ယင်းကားဝင်းတွင် ကားဂိတ်အနေဖြင့် ခြောက်ခန်းတွဲ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ ငါးခန်းတွဲ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ တစ်ခန်း နှစ်ထပ်အဆောက် အအုံတစ်လုံး စုစုပေါင်း ဂိတ် ၃၀၊ ဈေးဆိုင်ခန်းအနေဖြင့် ငါးခန်းတွဲ နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးခန်းတွဲ နှစ်ထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း အခန်း ၁၆ ခန်းနှင့် ကားဝပ်ရှော့တစ်ခုတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**လှုလေး**



# မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်

**မိုင်းယောင်း ဧပြီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာရှိ ကျောင်းသား ကျောင်းသူလေးများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် အမက(ဝမ်တပ်)ကျောင်းဆောင်အသစ် တစ်ခု ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယင်းစာသင်ဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ RCC တစ်ထပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# လယ်ယာကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**မယ်စဲ့ ဧပြီ ၁၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ဒေသအကျိုးပြုလယ်ယာကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည်။

မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာ၌ လယ်ယာကုန်ထုတ်လမ်းအရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ ပေပေါ်တွင် ဒုတစ်ပေမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ဖောက်လုပ်ပြီးမြေသားလမ်းပေါ်တွင် ကျောက်ရောမြေအကျယ် ၁၂ ပေ၊ ဒုကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် ယင်းကုန်ထုတ်လမ်းပေါ်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် လယ်ယာကုန်ထုတ်တံတားတစ်စင်း၊ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ကျေးရွာပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာအသုံးပြုနိုင်စေရေးအတွက် ကျောက်စုကျေးရွာ၌ တူးဖော်ထားသည့် အဝီစိတွင်းနောတွင် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျေးရွာတွင်း နှစ်လက်မ PVC ရေပိုက်လိုင်းအရှည်ပေ ၂၀၄၈၀ သွယ်တန်းခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်း၌ ဥစားကြက် တစ်ပိုင်တစ်နိုင်မွေးမြူသူများအဆင်ပြေ

**ကျောက်ပန်းတောင်း ဧပြီ ၁၂**

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဥစားကြက်တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အစာဈေး အတက်အကျမရှိသဖြင့် ဥထွက်နှုန်းကောင်းလျှင် ကောင်းသလောက် ရောင်းချနေရပြီး လုပ်ငန်းအစဉ်ပြေလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်မွေးမြူရေးလုပ်ငန်းအနေဖြင့် အသားစားကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားသော်လည်း ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူများ နည်းပါးကြောင်းသိရပြီး တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူ သုံးဦး၊ လေးဦးသာ ရှိသည်။ လက်ရှိအခြေအနေတွင် အစာဈေး အတက်အကျမရှိသဖြင့် လုပ်ငန်း အစဉ်ပြေကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်ဥဈေးကွက်အတွက် လိုအပ်သည့်ကြက်ဥများကိုတောင်ကြီးနှင့်မန္တလေးမြို့များမှ အဓိကထားတင်ပို့ကြောင်းသိရပြီး တစ်နိုင်တစ်ပိုင် ဥစားကြက်မွေးမြူသည့် လုပ်ငန်းရှင်လေးများ အတွက် ဈေးကွက် နည်းပါးသော်လည်း အစာဈေးအတက်အကျ မရှိပါက မိမိတို့ ရရှိသည့် ဈေးကွက်အတွင်းမှာပင် လုပ်ငန်းအဆင်ပြေအောင် လုပ်ကိုင်နိုင်ကြောင်းသိရသည်။

ဥစား ကြက်များအတွက် အသင့်စပ်ပြီးသား ကြက်စာများကို ပြောင်း၊ နှမ်းဖတ်၊ ပဲဖတ်၊ ဆန်ကွဲ၊ ခရု၊ ငါးခြောက်မှုန့်နှင့် ငါးပေါင်းမှုန့်၊ ဖွဲ အစရှိသည်တို့ကို အသင့်ရောစပ်ထားသည့်စပ်စာများကို အလွယ်တကူဝယ်ယူရရှိပြီး စပ်စာ တစ်ပိဿာလျှင် ကျပ် ၈၀၀ ပေးရကြောင်း သိရသည်။

ဥစားကြက်တစ်ကောင်လျှင် တစ်နေ့ပျမ်းမျှရှစ်ကျပ်သားကျွေးရကြောင်းသိရပြီး ဥစားကြက် ၃၅၀ အတွက် တစ်နေ့လျှင် ၂၆ ပိဿာကျွေးရကြောင်းနှင့် တစ်နေ့အစာဖိုးမှာ ကျပ် ၂၀၈၀၀ ကုန်ကျကြောင်း သိရသည်။

ကြက်ဥနှုန်းမှာ ၈၀ ရာခိုင်နှုန်းခန့် ဥကြောင်းနှင့် ပျမ်းမျှကြက်ဥအလုံး ၃၀၀ ရရှိကြောင်းနှင့်ဥဈေးမှာ ယခုရက်ပိုင်းအတွင်း သွင်းဈေး ကျပ် ၁၀၀ ရရှိပြီး လက်လီရောင်းဈေးမှာ ကျပ် ၁၁၀ မှ ၁၂၀ အထိ ရရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## လှိုင်ပြင် ရေသန့်စင်စက်ရုံမှ မြို့နယ်များသို့ ရေပုံမှန်ပြန်လည်ပေးဝေ

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လှိုင်ပြင်ရေသန့်စင်စက်ရုံသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် ဓာတ်အားလိုင်းသည် ရာသီဥတုအခြေအနေကြောင့် ဓာတ်အားချို့ယွင်းမှုဖြစ်ပေါ်သဖြင့် မေ ၁၁ ရက် ညနေ ၆ နာရီခန့်တွင် ဓာတ်အားခေတ္တဖြတ်တောက်ထားရသည်။ ထိုသို့ဖြစ်ပေါ်မှုကြောင့် လှိုင်ပြင်ရေသန့်စင်စက်ရုံမှ စမ်းသပ်ရေပေးဝေလျက်ရှိသည့် သာကေတ၊ ယုဇနဥယျာဉ်အိမ်ရာ၊ ဒေါပုံ၊ သဃ်န်းကျွန်း (သုဝဏ္ဏ ၂၉ – ၃၀) မြို့နယ်များတွင် ရေအားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ဓာတ်အားအမြန်ပြန်လည်ရရှိရေးအတွက် မေ ၁၂ ရက် နံနက် ၇ နာရီတွင် YESC နှင့်ပူးပေါင်း၍ ရှာဖွေစစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့သည်။ နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် စက်များစမ်းသပ်မောင်းနှင်နိုင်ပြီး လှိုင်ပြင်ရေသန့်စင်စက်ရုံမှ ရေပုံမှန်ပြန်လည်ပေးဝေလျက်ရှိကြောင်း ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ထံမှ သိရသည်။

မျိုးမင်းသူရ

## အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ Digital Printing Machine များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## လမ်းများပိတ်ဆို့ထားခြင်းနှင့် အစိုးရဆန့်ကျင်စာသားများ ဆက်လက် ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းအား ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများက ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြုကာ ဖယ်ရှားရှင်းလင်းခြင်းနှင့်အစိုးရဆန့်ကျင် စာသားများကို ဆေးဖြင့် ရေးဆွဲထားခြင်း၊ နံရံများ၊ တံတိုင်းများတွင် ကပ်ထားခြင်း၊ လမ်းပေါ်ချထားခြင်း၊ ဆေးနီများပက်ဖျန်း၍ ဖျက်ဆီးထားခြင်းများအား စည်ပင်သာယာဝန်ထမ်းများက ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။



ထိုသို့ ရှင်းလင်းရာတွင် သာကေတမြို့နယ် (၁၀/တောင်)ရပ်ကွက် ပဒုမ္မာလမ်း၊ (၇)ဈေးလမ်း၊ လမ်းသွယ် (၁) (၂) (၃) လမ်းများ၊ (၇)ဈေးလမ်းနှင့် ရွှေခင်းသာမြို့ပတ်လမ်းထိပ်၊ ဇေယျဝတီ(၂)လမ်း၊ ဇေယျဝတီ(၃)လမ်းတို့ရှိ သံပန်းတံခါး၊ သဲအိတ်၊ ဝါးကပ်များအား လည်းကောင်း၊ ကမာရွတ်မြို့နယ် မင်္ဂလာလမ်း၊ ကွမ်းခြံ(၆)လမ်း၊ ခေမာလမ်း၊ ဆင်မလိုက်ဈေးဘေးလမ်း၊ အောင်မြေသာစည်လမ်း၊ ထန်းတပင်လမ်းတို့ရှိ သံပန်းတံခါး၊ သဲအိတ်၊ ဝါးကပ်၊ တာယာအဟောင်းများအားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းရှိ ဝါးကပ်၊ သဲအိတ်နှင့် တာယာအဟောင်းများအားလည်းကောင်း ဖယ်ရှားရှင်းလင်းခဲ့သဖြင့် ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ကြောင်း သိရသည်။

ထို့အပြင် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ ရတနာလမ်း၊ သစ္စာလမ်း၊ ပါရမီလမ်းတို့တွင် လမ်းဘေးနှင့်လမ်းပေါ်၌ ဆေးဖြင့်ရေးဆွဲထားသည့် အစိုးရဆန့်ကျင်စာများ၊ ကားမှတ်တိုင်များတွင် ရေးထားသည့် အစိုးရဆန့်ကျင်စာများအား ဖျက်သိမ်းရှင်းလင်းခြင်း၊ သာကေတမြို့နယ် ရောဝဏ်လမ်း၊ ရွှေခင်းသာလမ်းနှင့် သန်လျင်ချဉ်းကပ်လမ်းဆုံ သာကေတအဝိုင်းအလယ်၌ တပ်ဆင်ထားသော ဆွမ်းအုပ်ကို ဆေးအနီရောင်ဖျန်းထားမှုအား ဖျက်သိမ်း၍ မူလရွှေရောင် ဆေးပြန်သုတ်ခြင်း၊ စမ်းချောင်းမြို့နယ် ပြည်လမ်း၊ မြေနီကုန်းတံတားပေါင်ပေါ် ဆေးနီသုတ်လိမ်းထားမှုအား ဖျက်သိမ်း၍ ဆေးပြန်သုတ်ခြင်း၊ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလတံတား ကျောက်စာတိုင်နှင့် ဝဲယာတံတားတိုင်များတွင် ဆေးနီများပက်ဖျန်းထားမှုအား ဖျက်သိမ်း၍ ဆေးပြန်သုတ်ခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးရှေ့ ခြံစည်းရိုးနှင့် ကားမှတ်တိုင်တွင် ရေးထားသည့် အစိုးရဆန့်ကျင်စာများအား ဖျက်သိမ်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ လက်လုပ်သေနတ် ရှစ်လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းရှိ Yangon Bus Public Co.,Ltd ပိုင် YBS–89 ယာဉ်လိုင်းဂိတ်အား ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။

အထက်ပါမီးလောင်မှုများကြောင့် YBS ယာဉ်လေးစီး မီးလောင်ပျက်စီးခဲ့ပြီး တစ်စီး မီးဟပ်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် ခရေပင်လမ်းနှင့် (၁၅) လမ်းထောင့်ရှိ နယ်မြေခံတပ်ကို မေ ၁၁ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက လက်လုပ်အသံဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ



**နေပြည်တော် ဧပြီ ၁၂**

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နှစ်ဦးသင်္ကြန်ခါ

❖ နှစ်ဦးချိန်ရောက် ပန်းပိတောက်
ကြိုင်လှောက်မွှေးကြူ များကြည်ဖြူ
ရည်တူလျှောက်လှမ်း အတာလမ်း
စိတ်ဝမ်းကြည်ချို နှစ်သစ်ကြို
ကြိုတယ်လေလေ့ ကြိုတယ်လေ့။

❖ အလှူဒါန မြတ်သီလ
ပြုကြသူငါ သင်္ကြန်ခါ
ရင်လှာပီတိ ဂွမ်းဆီထိ
ထိတယ်လေလေ့ ထိတယ်လေ့။

❖ လှူငွေပေါင်းစု များကောင်းမှု
စတုဒိသာ ကျွေးမွေးကာ
စဉ်လာကြည်မွေ့ မြန်မလေ့
လေ့တယ်လေလေ့ လေ့တယ်လေ့။

❖ မုန့်လုံးရေပေါ် စားကာနော်
ချစ်ဖော်သားချင်း မိတ်ပေါင်းသင်း
ရင်းနှီးချစ်ခင် ပျော်ပွဲဆင်
ဆင်တယ်လေလေ့ ဆင်တယ်လေ့။

❖ ဘိုးဘွားများနော် ဖိတ်ကာခေါ်
ခေါင်းလျှော်ရေချိုး ကုသိုလ်မျိုး
ပြုရိုးအမှန် စိတ်ထက်သန်
ချစ်စံရာနှုန်း မြန်မာ့ထုံး
ထုံးတယ်လေလေ့ ထုံးတယ်လေ့။

❖ လူကြီးမိဘ ကန်တော့ကြ
ဆုံးမသွန်သင် နားပန်ဆင်
ဖြူစင်စိတ်ထား ကုသိုလ်ပွား
ငါးများလွှတ်ပွဲ ဆင်ယင်နွှဲ
နွှဲတယ်လေလေ့ နွှဲတယ်လေ့။

❖ မြန်မာ့ရိုးရာ သင်္ကြန်ခါ
အတာရေလောင်း မာစေကြောင်း
မိတ်ပေါင်းများဆွေ သားချင်းတွေ
အနေအေးချမ်း စိတ်ရွှင်လန်း
လန်းတယ်လေလေ့ လန်းတယ်လေ့။

နှင်းဇာခြည်မြင့်

# စစ်တွေမြို့နယ် မင်းဂံချောင်း သဘာဝရေပြင်အတွင်း ရေငန်ပုစွန်မျိုးစိုက်ထည့်



**စစ်တွေ ဧပြီ ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာ ဇက်ရေယာဉ်ဆိပ် မင်းဂံချောင်းသဘာဝရေပြင် အတွင်း ရေငန်ပုစွန်မျိုးစိုက်ထည့်ပွဲအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး ဦးသက်ဦးက ရခိုင်ပြည်နယ်အတွင်း ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမျိုးစိုက်ရာသီအတွက် ငါး၊ ပုစွန်မျိုးစိုက်ထည့်ပြီးသည့် အခြေအနေနှင့် မျိုးစိုက်ထည့်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက သဘာဝရေပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၃ ဒသမ ၃ သိန်း မျိုးစိုက်ထည့်ပေးသည်။

ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရေငန်ပုစွန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တစ်ဟက်တာအရွယ်ရှိ သိပ္ပံနည်းကျ (Semi-Intensive) သရုပ်ပြ ရေငန်ပုစွန်မွေးမြူရေးကန်၌ ရေငန်ပုစွန်ကျား(Tiger Shrimp)များ မွေးမြူထားမှုကို သွားရောက်ကြည့်ရှုကြသည်။

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန် ငါး၊ ပုစွန်မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားလာစေပြီး ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ကြစေရန် ရည်ရွယ်၍ သဘာဝမြစ်၊ ချောင်းများနှင့် သဘာဝရေပြင်များ၊ အင်းအိုင်များ၊ ဆည်များအတွင်းသို့ နှစ်စဉ်မျိုးစိုက်ထည့် ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မျိုးစိုက်ရာသီအတွင်း ၂၀၂၁ ခုနှစ် မတ်လက ကျောက်ဖြူမြို့နယ်တွင် သဘာဝရေပြင်သို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ လေးသိန်း၊ မျိုးပုစွန် အမ ၃၂ ကောင်နှင့် ယနေ့တွင် ရေငန်ပုစွန်သားပေါက်ကောင်ရေ သုံးသိန်းသုံးသောင်း မျိုးစိုက်ထည့်ခြင်းကြောင့် ယနေ့ထိ ရခိုင်ပြည်နယ်တွင် ရေငန်ပုစွန်သားပေါက်ကောင်ရေ ခုနစ်သိန်းသုံးသောင်း၊ မျိုးပုစွန်အမ ၃၂ ကောင်တို့ကို မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း သဘာဝရေပြင်အတွင်းသို့ ရေချိုငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်းရှိ ကျေးရွာ/ ရပ်ကွက်အချို့တို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဧပြီ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ အမှတ်(၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၁၀)ရပ်ကွက်၊ အမှတ်(၁၂) ရပ်ကွက်၊ အမှတ်(၂၀)ရပ်ကွက်နှင့် အမှတ်(၂၆)ရပ်ကွက်များရှိ အိမ်ထောင်စု ၃၅၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်နှင့် မှော်ဘီတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျွမ်းကျင်တာကိုသိမှ ပိုကျွမ်းကျင်မယ်

လူတိုင်းမှာ ကိုယ်ကျွမ်းကျင်တဲ့ ဘာသာရပ်ဆိုတာ အမြဲရှိပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့ ဘာသာရပ်ကို သိဖို့ အရေးကြီးပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့ ဘာသာရပ်ကို ပိုကျွမ်းကျင်အောင် လုပ်ရတာ လွယ်ပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့ ဘာသာရပ်၊ ကိုယ်ကျွမ်းကျင်တဲ့ နယ်ပယ်ကို သိဖို့ကလည်း အရေးကြီးပါတယ်။ တချို့က ဒါကိုမသိဖြစ်နေတတ်ပါတယ်။ ကျွန်တော်ကတော့ ကံကောင်းတယ်လို့ ဆိုရပါမယ်။ ကျွန်တော် ၁၀ တန်းအောင်တော့ ဆေးတက္ကသိုလ် ရောက်သွားပါတယ်။ ဒီအကြောင်းလည်း ပြောပြီးသားပါ။ ကျွန်တော့်အဖေရဲ့ ကျေးဇူးကြောင့် သိပ္ပံထူးချွန်ဆုကိုယူပြီး ရူပဗေဒကို ပြောင်းပြီးသင်ယူခဲ့ပါတယ်။ အဖေက ကျွန်တော် ကျွမ်းကျင်တဲ့ ဘာသာရပ်ကို ကောင်းကောင်းသိပါတယ်။ အဖေ့ရဲ့ အားပေးမှုကြောင့် ကျွန်တော် ဒီနေ့ ဒီလိုဖြစ်လာတာပါ။ ကျွန်တော် ကျွမ်းကျင်တဲ့၊ ကျွန်တော်ဝါသနာပါတဲ့ ဘာသာရပ်ကို သင်ခဲ့ရလို့ပါ။ ကျွန်တော်တို့ မောင်နှမတစ်တွေ အားလုံးကို အဖေကလည်း "ကိုယ်ကျွမ်းကျင်တဲ့ အလုပ်ကို လုပ်မှ ပိုကျွမ်းကျင်မယ်၊ ကျွမ်းကျင်မှ ဈေးကောင်းပေးမယ့်လူရှိတယ်"လို့ အမြဲပြောခဲ့ပါတယ်။ အဖေသင်ပေးခဲ့သလိုပဲ ကျွန်တော့်ဘဝမှာလည်း ကျွန်တော်ကျွမ်းကျင်တဲ့ နယ်မြေမှာပဲ အမြဲနေခဲ့ပါတယ်။

ကျွန်တော် လုပ်ငန်းကြီးတွေ လုပ်လာတဲ့အခါ ဘာသာရပ်မျိုးစုံ၊ နယ်မြေမျိုးစုံကို ကြုံတွေ့ရပါတယ်။ ဘာသာရပ်မျိုးစုံ၊ နယ်မြေမျိုးစုံကို ကြုံတွေ့ရတယ်ဆိုပေမယ့် ဘာသာရပ်မျိုးစုံကို ကျွန်တော် ကျွမ်းကျင်နေတာတော့ မဟုတ်ပါဘူး။ ဘာသာရပ်တိုင်းကို ကျွမ်းကျင်တဲ့သူလည်း မရှိနိုင်ပါဘူး။ အင်္ဂလိပ်စကားစုလေးတစ်ခုဖြစ်တဲ့ "Jack of All, Master of None" ဆိုတာလိုပဲ ဟိုစပ်စပ် ဒီစပ်စပ် သိတဲ့လူက ဘယ်ဘာသာရပ်မှ ကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက်နိုင်ပါဘူး။ ကျွန်တော် ကျွမ်းကျင်တဲ့ ဘာသာရပ်တွေရှိသလို မကျွမ်းကျင်တဲ့ ဘာသာရပ်တွေလည်း ရှိပါတယ်။ ကျွန်တော် မကျွမ်းကျင်တဲ့ ဘာသာရပ်အတွက်ကတော့ ကျွမ်းကျင်တဲ့သူတွေကို ခန့်ထားရပါတယ်။

ကိုယ်ကျွမ်းကျင်တာက ဘာလဲဆိုတာ မသိတဲ့သူတွေလည်း ရှိပါတယ်။ အထူးသဖြင့် အသက်ငယ်စဉ်မှာ ကိုယ်ကျွမ်းကျင်တာက ဘာလဲဆိုတာ တစ်ခါတလေ မသိကြပါဘူး။ ကိုယ်ဝါသနာပါတာနဲ့ ကိုယ်ကျွမ်းကျင်တာက တစ်ခါတလေ တူချင်မှတူပါလိမ့်မယ်။ ကိုယ်ကျွမ်းကျင်တာကို သိအောင်ရှာနိုင်ဖို့က အရေးကြီးပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့အလုပ်ကို သိအောင်ရှာပြီး ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှသာ အောင်မြင်မှုကို ရနိုင်ပါတယ်။ အောင်မြင်မှုနဲ့ပတ်သက်လာရင် လူတွေက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ငယ်စဉ်ကတော့ အောင်မြင်မှုကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ခဲ့မိပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ၁၅ နှစ်မှာတော့ အောင်မြင်မှုဆိုတာကို အဓိပ္ပာယ်တစ်မျိုးတည်းပဲ ကျွန်တော် ယုံကြည်ခဲ့ပါတယ်။ ယုံကြည်တဲ့အတိုင်းလည်း ကျင့်ကြံခဲ့ပါတယ်။ ယုံကြည်တဲ့အတိုင်းလည်း စာတွေရေးပါတယ်။ ဟောပြောပါတယ်။

ဘယ်အရွယ်ပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ချင်ဖြစ်ချင် အောင်မြင်တဲ့လူဆိုတာ –

- မိမိဝါသနာပါတာ၊ မိမိစိတ်ဝင်စားတာကို ပျော်ပျော်ရွှင်ရွှင်လုပ်နေသူပါ။
- မိမိရဲ့တိုးတက်မှုကို နေ့စဉ် ရှာဖွေနေပြီး နေ့စဉ်တိုးတက်မှုရှိနေသူပါ။
- အများအကျိုးကို နေ့စဉ် ဆောင်ရွက်နေသူပါ။ တခြားလူတွေရဲ့တိုးတက်မှုကို ကူညီနေသူပါ။

ဒီသုံးခုစလုံးကို လုပ်နိုင်သူက အောင်မြင်သူပါပဲ။ ဒါပေမယ့် ကိုယ်ကျွမ်းကျင်တဲ့အရာကို မသိဘူး။ သိပေမယ့်လည်း ကိုယ်ကျွမ်းကျင်တာကို မလုပ်ဘူးဆိုရင်တော့ ကျွန်တော်ပြောခဲ့တဲ့ သုံးခုကို တစ်ခုမှ လုပ်နိုင်ဖို့ မလွယ်ပါဘူး။ ဒီနေရာမှာ ကြုံကြိုက်လို့ ကျွန်တော်ကြားဖူးတဲ့ အဖြစ်အပျက်လေးတစ်ခု ပြောပြချင်ပါတယ်။ တစ်ခါတုန်းက ရပ်ကွက်ထဲက ကလေးတွေ စုပြီးတော့ အသင်းတစ်ခု ထောင်ပါတယ်။

**ကိုယ်ဝါသနာပါတာနဲ့ ကိုယ်ကျွမ်းကျင်တာက တစ်ခါတလေ တူချင်မှတူပါလိမ့်မယ်။ ကိုယ်ကျွမ်းကျင်တာကို သိအောင်ရှာနိုင်ဖို့က အရေးကြီးပါတယ်။ ကိုယ်ကျွမ်းကျင်တဲ့အလုပ်ကို သိအောင်ရှာပြီး ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှသာ အောင်မြင်မှုကို ရနိုင်ပါတယ်။**

လူငယ်လေးတွေက ငါးနှစ်သားကနေ ၁၀ နှစ်သားအထိ ပါပါတယ်။ လူကြီးတွေက မင်းတို့အသင်းက ဘာလုပ်မှာလဲလို့မေးတော့ "ကျွန်တော်တို့ အသင်းက ကစားနည်းမျိုးစုံကို ကစားဖို့ပါ"လို့ ပြောပါတယ်။ မင်းတို့ အသင်းမှာ ဥက္ကဋ္ဌက ဘယ်သူလဲလို့မေးတော့ ငါးနှစ်သား အငယ်ဆုံးကလေးရဲ့ နာမည်ကို ပြောပါတယ်။ လူကြီးတွေက ဘယ်လိုဖြစ်ပြီး အငယ်ဆုံး ငါးနှစ်သားက ဥက္ကဋ္ဌဖြစ်ရတာလဲလို့ မေးတော့ ကျန်တဲ့သူတွေ က ကစားနည်းတွေအတွက် ကိုယ်ကျွမ်းကျင်တာကို ကိုယ်တာဝန်ယူထားကြတယ်။ ငါးနှစ်သားက ဘာမှလည်း မကျွမ်းကျင်ဘူး၊ ရာထူး မရရင်လည်း စိတ်ဓာတ်ကျမှာစိုးလို့ ဥက္ကဋ္ဌနေရာ ပေးလိုက်တယ်လို့ ပြောပါတယ်။ ကလေးတွေအတွက် မှန်ပေမယ့် လက်တွေ့ဘဝတွေရောက်လာရင် ဥက္ကဋ္ဌနေရာ၊ ခေါင်းဆောင်နေရာကို လွယ်လွယ်နဲ့ရမယ်လို့ မထင်ပါနဲ့။ ခေါင်းဆောင်နေရာကို ရဖို့ဆိုတာ ကြိုးစားရပါလိမ့်မယ်။ ကိုယ်ကျွမ်းကျင်တာကို ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် ကြိုးစားရပါလိမ့်မယ်။

လူတော်တော်များများက မိမိရဲ့ အားနည်းချက်ကို အာရုံစိုက်တတ်ကြပါတယ်။ မိမိအားနည်းနေတဲ့ နယ်မြေကို အချိန်ပေးပြီး တိုးတက်မှုရှိအောင် ကြိုးစားကြပါတယ်။ ဒါမှားတဲ့အယူအဆပါ။ မိမိ ကျွမ်းကျင်တဲ့အရာကို ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် ကြိုးစားမှသာ တိုးတက်မှုအများဆုံး ရရှိပါလိမ့်မယ်။ ဥပမာ ကျွမ်းကျင်မှုကို ၁ က အားအနည်းဆုံး၊ ၁၀ က အားအကောင်းဆုံး ဆိုပါစို့။ ကိုယ့်ရဲ့ ကျွမ်းကျင်မှုက သီချင်းဆိုတာဖြစ်ပြီး နဂိုကတည်းက အမှတ် ၇ လောက်ရထားရင် ဒီသီချင်းဆိုတာကိုပဲ ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် ကြိုးစားရင် အမှတ် ၉ ဖြစ်လာပါလိမ့်မယ်။ လူတွေက ကျွမ်းကျင်မှု ၉/၁၀ ရှိနေတဲ့သူတွေဆီက ဝယ်ဖို့ အဆင်သင့်ပါ။ ဒါပေမယ့် ကိုယ့်ရဲ့ကျွမ်းကျင်မှုက သရုပ်ဆောင်တာဖြစ်ပြီး ပင်ကိုက ၄ လောက်ပဲ ရှိတဲ့သူက ဘယ်လောက်ပဲ ကြိုးစားကြိုးစား ၆/၇ ထက် ပိုမဖြစ်နိုင်ပါဘူး။ ၆/၇ ကို ဝယ်တဲ့သူ ရှားပါတယ်။ ဝယ်ရင်တောင် ဈေးကောင်းမရပါဘူး။ ကြိုးစားတဲ့အခါ ကျွမ်းကျင်မှု အဆင့်ကလည်း အဆင့်နှစ်ဆင့်ထက် ပိုတက်ဖို့ ခက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကိုယ်မကျွမ်းကျင်တဲ့အရာကို အချိန်တွေ အများကြီးပေးပြီး တိုးတက်အောင် မလုပ်သင့်ပါဘူး။ မိမိကျွမ်းကျင်တဲ့ အရာကို တွေ့အောင်ရှာပြီး ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် အချိန်ပေးကြိုးစားစေချင်ပါတယ်။

လူတွေကို အကျိုးရှိအောင် ကူညီတဲ့အခါ မိမိမှာရှိတဲ့ အကောင်းဆုံးကိုပေးမှ လူတွေကို ကူညီတာ တန်ဖိုးရှိပါလိမ့်မယ်။ မိမိက အကောင်းဆုံး၊ အကျွမ်းကျင်ဆုံးဖြစ်မှ လူတွေကို အကောင်းဆုံးတွေ ပေးနိုင်ပါမယ်။ အကောင်းဆုံးတွေကိုပေးမှ လူတွေရဲ့ ဘဝတွေ တိုးတက်မှုရှိလာပါလိမ့်မယ်။ စိတ်ဓာတ်ကတော့ ကျွမ်းကျင်မှုနဲ့ မတူပါဘူး။ စိတ်ဓာတ် လုံးဝမကောင်းတာကနေ စိတ်ဓာတ်ကောင်းလာသူဖြစ်အောင် ပြုပြင်ပြောင်းလဲလို့ ရပါတယ်။ ကျွမ်းကျင်မှုကတော့ မိမိရဲ့ ပင်ကိုအရည်အသွေးကနေ အဆင့်နှစ်ဆင့်ပဲ တက်အောင် ကြိုးစားလို့ရပါတယ်။ ဗြိတိသျှ ကဗျာဆရာကြီး ဆမ်မြူရယ်ဂျွန်ဆင် (Samuel Johnson) က –

**"မိမိမှာမရှိတဲ့ အရည်အသွေးတွေကိုပြဖို့ ကြိုးစားရင်း လူတွေက ဘဝမှာ အချိန်တော်တော် ဖြုန်းပစ်ပါတယ်"**လို့ ဆိုခဲ့ပါတယ်။ လူတွေသဘာကျနှစ်ခြိုက်တဲ့ကျွမ်းကျင်မှုတွေကို မိမိမှာ ပိုင်ဆိုင်ချင်တဲ့စိတ်ရှိနေပြီး မိမိက ကျွမ်းကျင်မှုမရှိရင်တော့ မိမိတကယ်ကျွမ်းကျင်တာကို ရှာဖွေတွေ့ရှိဖို့ ခက်ခဲသွားပါလိမ့်မယ်။ မိမိက ဘာကျွမ်းကျင်လဲဆိုတာ မိမိကိုယ်မိမိ ရှာဖွေဖော်ထုတ်နိုင်ဖို့ အရေးကြီးပါတယ်။ ဒီလို ရှာဖွေဖော်ထုတ်နိုင်အောင် ကျွန်တော် နည်းလမ်းလေးတွေ ညွှန်ပြပါမယ်။

**နံပါတ် (၁)ကတော့**

မိမိက ဘယ်အလုပ်ကို ကောင်းကောင်းလုပ်တတ်သလဲလို့ မိမိကိုယ်မိမိ မေးပါ။ အောင်မြင်တဲ့သူတစ်ယောက်ဖြစ်ဖို့ "ငါလုပ်တဲ့အလုပ်က မှန်ရဲ့လား"၊ "ငါဘာကို အကောင်းဆုံး လုပ်နိုင်လဲ"ဆိုတဲ့ မေးခွန်းနှစ်ခု မိမိကိုယ်မိမိ မေးဖို့လိုပါတယ်။ ပထမမေးခွန်းက ကိုယ်ကျင့်တရားနဲ့ဆိုင်ပြီး ဒုတိယမေးခွန်းက ကျွမ်းကျင်မှုပါရမီနဲ့ဆိုင်ပါတယ်။ မှန်တဲ့အလုပ်ကိုလုပ်ဖို့ လိုသလို ကျွမ်းကျင်တဲ့အလုပ်ကိုလည်း လုပ်ဖို့လိုပါတယ်။

## ကျော်ကျော်လှိုင်

**နံပါတ် (၂)ကတော့**

သတ်သတ်မှတ်မှတ် လေ့လာဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့က နေရာတော်တော်များများမှာ ကျွမ်းကျင်ချင်ကြပါတယ်။ ကမ္ဘာကျော် စီမံခန့်ခွဲမှုပညာရှင်ကြီး ပီတာဒရပ်ကာ (Peter Drucker)က –

"လူတွေက အလုပ်လုပ်တာ မတော်တာ မဟုတ်ပါဘူး၊ လူတစ်ယောက် ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တဲ့အလုပ်က နည်းတာပါ။ လူတစ်ယောက်တည်းက အလုပ်တိုင်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျွမ်းကျင်တယ်ဆိုတာ သတ်သတ်မှတ်မှတ် ရှိရပါမယ်။ ကမ္ဘာ့အကျော်အမော် တယောပညာရှင် ဂျက်စ်ရှာဟေဖတ်စ် (Jascha Heifetz) က ထရမ်ပက် မမှုတ်တတ်ပါဘူး"လို့ ပြောခဲ့ပါတယ်။ မိမိရဲ့ အားသာချက်ကို မိမိက သတ်သတ်မှတ်မှတ် ရှာဖွေတွေ့ရှိမှ မိမိကျွမ်းကျင်မှုကို မိမိသိပါလိမ့်မယ်။

**နံပါတ် (၃)ကတော့**

တခြားသူတွေ ချီးမွမ်းတာကို နားထောင်ပါ။ တစ်ခါတလေကျရင် ကျွန်တော်တို့က ကျွန်တော်တို့ လုပ်နိုင်တဲ့အရာတွေကို ခပ်ပေ့ါပေ့ါပဲ အမှုမဲ့အမှတ်မဲ့နေတတ်ကြပါတယ်။ တခြားသူတွေလည်း ကိုယ့်လိုလုပ်တတ်မှာပဲလို့ ထင်လို့ပါ။ တစ်ခါတလေကျရင် ဒီလိုနဲ့ပဲ ကိုယ့်ရဲ့ကျွမ်းကျင်မှုကို ကိုယ်သတိမထားမိတတ်ပါဘူး။ တခြားသူတွေက မိမိကို ချီးမွမ်းပြောဆိုတဲ့ မိမိရဲ့ကျွမ်းကျင်မှုတွေကို သတိထားပြီးကြည့်ပါ။ လူတွေက ခဏခဏ ချီးမွမ်းပြောဆိုတဲ့ မိမိရဲ့ကျွမ်းကျင်မှုကို ကျွမ်းကျင်သထက်ကျွမ်းကျင်အောင် ကြိုးစားအားထုတ်ပါ။

စာမျက်နှာ ၂၉ သို့ ❄

**ကိုယ်မကျွမ်းကျင်တဲ့အရာကို အချိန်တွေ အများကြီးပေးပြီး တိုးတက်အောင် မလုပ်သင့်ပါဘူး။ မိမိကျွမ်းကျင်တဲ့ အရာကို တွေ့အောင်ရှာပြီး ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် အချိန်ပေး ကြိုးစားစေချင်ပါတယ်။**

# ရီးယဲလ်ဘက်တစ်အသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်း အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့

ရီးယဲလ်ဘက်တစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၃၀ မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ စပိန်လာလီဂါအမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။



အဲဒီပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၅ မိနစ်မှာ ကာရက်စကိုက သွင်းယူပေးခဲ့ပြီး အိမ်ရှင်ရီးယဲလ်ဘက်တစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၂၀ မှာ တယ်လိုက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ စပိန်လာလီဂါချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းဟာ အမှတ်ပေးဇယားတတိယနေရာက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၆၆ မှတ်နဲ့ ယမန်နေ့က အမှတ်ပေးဇယားထိပ်ကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပေမယ့် လက်ရှိမှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၆၇ မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့် ပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဇန်နဝါရီလကုန်ပိုင်းက စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ အမှတ်ပေးဇယား ဒုတိယနေရာက အသင်းကို ၁၀ မှတ်အထိဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပေမယ့် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၁ ပွဲမှာ သုံးပွဲသာအနိုင်ရရှိခဲ့ခြင်းနဲ့အတူ လက်ရှိမှာ ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့ရတာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

**သင်္ဂြိုဟ်ကိုးပိုင်းဘုရားရှိခိုးစာအုပ် လှူဒါန်းလိုပါသည်**

သင်္ဂြိုဟ်ကိုးပိုင်းသင်တန်း တက်ရောက်ပြီးသူများအတွက် မမေ့မလျော့စေရန် သင်္ဂြိုဟ်ကိုးပိုင်းဘုရားရှိခိုးစာအုပ် လှူဒါန်းပါမည်။ ရန်ကုန်မြို့ သာမက နယ်မြို့ရွာများမှာလည်း မှာယူလိုပါက စာတိုက်မှ ပေးပို့လှူဒါန်းပါမည်။ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ပါသည်-

၀၆၇-၄၅၉၁၂၃၁/၀၆၇-၄၅၉၁၂၄၀

❖ **အာဆင်နယ်အသင်းမှ**

ရက်ဖီးလ်ယူနိုက်တက်အသင်းဟာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပွဲစဉ် ၃၁ ပွဲကစားအပြီးမှာ ၂၅ ပွဲအထိ ရှုံးပွဲကြုံခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကိုရရှိခဲ့ပြီး လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားမှာ ရမှတ် ၁၄ မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ၃၁ ပွဲကစားအပြီးမှာ ရမှတ် ၄၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

---

❈ **စာမျက်နှာ ၂၈ မှ**

**နံပါတ် (၄)ကတော့**

ပြိုင်ဘက်တွေကို လေ့လာဖို့ ဖြစ်ပါတယ်။ ပြိုင်ဘက်တွေကို လေ့လာဖို့ဆိုလို့ အချိန်ရှိသရွေ့ ပြိုင်ဘက်အကြောင်း စဉ်းစားခိုင်းတာ မဟုတ်ပါဘူး။ ဒီလိုစဉ်းစားနေရင်လည်း ရေရှည်မှာ ကျန်းမာရေး ထိခိုက်ပါလိမ့်မယ်။ ကျွန်တော်ဆိုလိုတာက ကိုယ့်ပြိုင်ဘက်ထက်သာအောင် မလုပ်နိုင်ရင် အချိန်ကုန်ခံပြီး ကြိုးစားမနေဖို့ကို ပြောတာပါ။ ဂျီအီး (GE) ရဲ့ ဥက္ကဋ္ဌ ဖြစ်ခဲ့ဖူးသူ ဂျက်ဝဲလ်ချ် (Jack Welch)က “သူများကိုနိုင်ဖို့ လမ်းမရှိရင် မပြိုင်ပါနဲ့”လို့ ပြောခဲ့ပါတယ်။

**အောင်မြင်တဲ့သူတိုင်းက သူတို့ကျွမ်းကျင်တဲ့ နယ်ပယ်မှာ လုပ်နေသူတွေ ဖြစ်ပါတယ်။ ကိုယ်က အောင်မြင်တဲ့ခေါင်းဆောင် ဖြစ်ချင်ရင်တော့ ကိုယ်အောင်မြင်တာနဲ့တင် ကျေနပ်မနေဘဲ ကိုယ့်အဖွဲ့သားတွေ သူတို့ကျွမ်းကျင်တဲ့နယ်ပယ်ကို ရှာဖွေနိုင်ဖို့ ကျွမ်းကျင်တာကို ပိုကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင်လုပ်ဖို့ ကူညီရပါမယ်။ တွန်းအားပေးရပါမယ်။**

လူတွေက ပျမ်းမျှကျွမ်းကျင်မှုကို ငွေမပေးပါဘူး။ မိမိပြိုင်ဘက်ကို နိုင်နိုင်တဲ့ ကျွမ်းကျင်မှုမရှိရင် တခြားတစ်နေရာကို အာရုံစိုက်တာက တော်ပါဦးမယ်။ မိမိပြိုင်ဘက်နဲ့ မိမိကြား အားသာချက်တွေကို ဆန်းစစ်ချင်ရင် ကျွန်တော် အခုပြောပြမယ့် မေးခွန်းတွေ မိမိကိုယ်မိမိမေးကြည့်ပါ။

- **မိမိလုပ်တတ်တာကို တခြားသူတွေ လုပ်တတ်သလား။**
- **လုပ်တတ်ရင် ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်သလား။**
- **မိမိထက်သာအောင် လုပ်နိုင်သလား။**
- **မိမိကသာအောင် လုပ်နိုင်သလား။**
- **မိမိကသာအောင်လုပ်နိုင်ရင် ဘာအကျိုးကျေးဇူးရမလဲ။**
- **မိမိကသာအောင်မလုပ်နိုင်ရင် ဘာဆုံးရှုံးမလဲ။**

နောက်ဆုံးမေးခွန်းရဲ့အဖြေက စီးပွားရေးတွေ ဆုံးရှုံးမယ်ဆိုရင်တော့ သတိထားပါ။ သင့်ရဲ့ပြိုင်ဘက်က အလုပ်ကိုကျွမ်းကျင်ပြီး သင်က အလုပ်ကို မကျွမ်းကျင်ဘူးဆိုရင်တော့ သင်ကျွမ်းကျင်တဲ့အလုပ်ကို သင်မလုပ်ဘူးဆိုတာ သေချာနေပါပြီ။

အောင်မြင်တဲ့သူတိုင်းက သူတို့ကျွမ်းကျင်တဲ့ နယ်ပယ်မှာ လုပ်နေသူတွေ ဖြစ်ပါတယ်။ ကိုယ်က အောင်မြင်တဲ့ခေါင်းဆောင် ဖြစ်ချင်ရင်တော့ ကိုယ်အောင်မြင်တာနဲ့တင် ကျေနပ်မနေဘဲ ကိုယ့်အဖွဲ့သားတွေသူတို့ကျွမ်းကျင်တဲ့နယ်ပယ်ကို ရှာဖွေနိုင်ဖို့ ကျွမ်းကျင်တာကို ပိုကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင်လုပ်ဖို့ ကူညီရပါမယ်။ တွန်းအားပေးရပါမယ်။ ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်တွေက မိမိအဖွဲ့သားတစ်ဦးစီရဲ့ စွမ်းရည်နဲ့ ကန့်သတ်ချက်တွေကို သိပါတယ်။ သိရုံတင်မက မိမိအဖွဲ့သားတစ်ဦးစီ အကောင်းဆုံးစွမ်းဆောင်နိုင်မှုပေးနိုင်တဲ့အလုပ်တွေကို အံဝင်ခွင်ကျ နေရာချပေးနိုင်ပါတယ်။ ဝမ်းနည်းစရာကောင်းတာကတော့ စွမ်းဆောင်ရည်နိမ့်တဲ့ ခေါင်းဆောင်တွေကြောင့် လူတော်တော်များများက သူတို့ကျွမ်းကျင်တဲ့အလုပ် မလုပ်ရတဲ့အတွက် သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကလည်း အမြင့်ဆုံးကို မရောက်တာပါပဲ။ ဂေါ်အပ်(Gallup) ဆိုတဲ့ အဖွဲ့အစည်းကြီးရဲ့ သုတေသနပြုချက်အရ လူဦးရေ ၁ ဒသမ ၇ သန်းကို စစ်တမ်းကောက်ယူရာမှ ၂၀ ရာခိုင်နှုန်းကပဲ သူတို့ကျွမ်းကျင်တဲ့အလုပ်ကို လုပ်နေရပါတယ်။ ဒါတွေရဲ့ အဓိကတရားခံကတော့ ခေါင်းဆောင်ပါပဲ။ ခေါင်းဆောင်တွေက မိမိအဖွဲ့သားတွေရဲ့ ကျွမ်းကျင်မှုကို မသိတဲ့အတွက် အဖွဲ့သားတွေက နေရာမှားပြီးလုပ်နေရရင် အဖွဲ့အစည်းတစ်ခုလုံးရဲ့ တိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။

ပီတာဒရပ်ကာ (Peter Drucker) တည်ထောင်ခဲ့တဲ့ “ခေါင်းဆောင်မှ ခေါင်းဆောင်သို့” သင်တန်းကျောင်းကြီးရဲ့ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဖရန်စ် ဟဲစယ်ဘိန်း (Frances Hesselbein) က သူ့ရဲ့ ခေါင်းဆောင်ကောင်းစာအုပ်ထဲမှာ - “အဖွဲ့အစည်းတစ်ခုမှာ လူတွေရဲ့ ကျွမ်းကျင်မှုတွေကို ထိရောက်စွာအသုံးချနိုင်ဖို့နဲ့ အားနည်းချက်တွေကြောင့် အနှောင့်အယှက်မဖြစ်အောင် လုပ်ဆောင်နိုင်ဖို့က ခေါင်းဆောင်ကောင်းတွေရဲ့ အဓိကတာဝန်ပဲလို့ ကျွန်မတို့ကို အမြဲသတိပေးပါတယ်။ မွေးရာပါ အရည်အချင်းရှိတဲ့ ခေါင်းဆောင်ဆိုတာ ရှိနိုင်ပေမယ့် နည်းလွန်းပါတယ်” လို့ ရေးခဲ့ပါတယ်။

ထူးချွန်တဲ့ ခေါင်းဆောင်ဖြစ်ချင်ရင်တော့ လူတွေကို သူတို့ကျွမ်းကျင်တဲ့ နယ်ပယ်တွေမှာ တိုးတက်လာအောင် ပြုစုပျိုးထောင်နိုင်ရပါမယ်။ ပြုစုပျိုးထောင်နည်းတွေကို ကျွန်တော် ရှင်းပြပါမယ်။

**နံပါတ် (၁) ကတော့**

မိမိအဖွဲ့သားတွေရဲ့ ကျွမ်းကျင်မှုတွေကို လေ့လာပါလို့ ပြောချင်ပါတယ်။ မိမိအဖွဲ့သားတွေရဲ့ ကျွမ်းကျင်မှု၊ အားသာချက်၊ အားနည်းချက်တွေကို လေ့လာပါ။ ကျွမ်းကျင်တဲ့ နယ်ပယ်အသီးသီးမှာ အဖွဲ့သားတွေလုပ်နေရဲ့လား၊ တိုးတက်မှုတွေရှိရဲ့လား၊ အဖွဲ့သားတွေ စိတ်ဓာတ်တက်ကြွနေရဲ့လား၊ လုပ်နေရတဲ့အလုပ်မှာ အဖွဲ့သားတွေ ပျော်ရဲ့လား၊ သူတို့အလုပ်ကို သူတို့ ချစ်မြတ်နိုးရဲ့လား စတဲ့မေးခွန်းတွေနဲ့ ခေါင်းဆောင်တွေ မိမိကိုယ်မိမိ မေးရပါလိမ့်မယ်။

**နံပါတ် (၂) အချက်ကတော့**

ခေါင်းဆောင်က အဖွဲ့သားတစ်ယောက်ချင်းစီနဲ့ စကားပြောဖို့ လိုပါတယ်။ အဖွဲ့သား တစ်ယောက်ချင်းစီ လုပ်ပေးနိုင်တဲ့စွမ်းရည်၊ အဖွဲ့သားတစ်ယောက်ချင်းစီရဲ့ အထူးတန်ဖိုးရှိတဲ့ လုပ်ဆောင်ချက်၊ တခြားအဖွဲ့သားတွေကို ကူညီနိုင်တဲ့စွမ်းရည်၊ တခြားအဖွဲ့သားတွေဆီက လိုအပ်တဲ့အကူအညီ စသည်တို့ကို အဖွဲ့သားတစ်ယောက်စီနဲ့ ဆွေးနွေးပါ။ သူတို့ရဲ့ ပါဝင်မှုက အဖွဲ့အစည်းအပေါ်မှာဘယ်လိုအကျိုးကျေးဇူးရှိတယ်ဆိုတာ အဖွဲ့သားတွေကသိရလေ အကောင်းဆုံးစွမ်းဆောင်ရည်တွေကို အဖွဲ့အစည်းအတွက် ပေးလေပါပဲ။

**နံပါတ် (၃) ကတော့**

အဖွဲ့သားအားလုံးစုံညီတဲ့အခါ အဖွဲ့သားတစ်ယောက်ချင်းက အဖွဲ့အစည်းကို ဘယ်လိုအကျိုးပြုတယ်ဆိုတာ ပြောပြဖို့ပါပဲ။ အဖွဲ့သားတွေမှာ အဖွဲ့အစည်းစိတ်ဓာတ်မရှိဘဲ အဖွဲ့အစည်းတစ်ခု မအောင်မြင်နိုင်ပါဘူး။ အဖွဲ့သားတွေအားလုံးကို စကားပြောတဲ့ ခေါင်းဆောင်က နည်းပါတယ်။ အဖွဲ့သားတွေ အားလုံးကို ခေါင်းဆောင်က အဖွဲ့သားတစ်ယောက်စီရဲ့ စွမ်းရည်တွေနဲ့ အဖွဲ့ကို အကျိုးပြုပုံတွေကို ရှင်းပြသင့်ပါတယ်။ ဒီအခါမှာ အဖွဲ့သားတွေ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်လေးစားကြပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားမှာ သေချာပါတယ်။


တချို့လူတွေက ကျွမ်းကျင်တာကို အာရုံစိုက်တာနဲ့ပတ်သက်ပြီး အတွေးအခေါ်မှားတတ်ပါတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က - “ကမ္ဘာ့အကျော်အမော်ဂေါက်သီးသမား တိုက်ဂါးဝုဒ် (Tiger Wood)က ဂေါက်သီးမကောင်းတဲ့ ပြိုင်ပွဲနေ့ဆိုရင် ပြိုင်ပွဲပြီးတာနဲ့ လေ့ကျင့်ကွင်းကို တန်းသွားပြီး လေ့ကျင့်ကွင်းမှာ နာရီပေါင်းများစွာ လေ့ကျင့်တယ်။ တိုက်ဂါးဝုဒ်က သူ့ရဲ့ အားနည်းချက်ကို ကောင်းအောင်လုပ်တာ မဟုတ်ဘူးလား” လို့ ကျွန်တော့်ကို မေးပါတယ်။ ခင်ဗျားမှားနေပြီ။ တိုက်ဂါးဝုဒ်ရဲ့ ကျွမ်းကျင်မှုက ဂေါက်သီးရိုက်တာ၊ ဂေါက်သီးရိုက်တာကို လေ့ကျင့်တာ သူကျွမ်းကျင်တာကို ပိုကောင်းအောင်လုပ်တာပဲ။ တိုက်ဂါးဝုဒ်က တင်းနစ်ရိုက်လေ့ကျင့်တာ၊ ဘတ်(စ်)ကက်ဘောလေ့ကျင့်တာမဟုတ်ဘူး။ သူ့ရဲ့ ကျွမ်းကျင်မှုနယ်ထဲက အားနည်းနေတဲ့နေရာကိုအားကောင်းအောင် လေ့ကျင့်တာပါလို့ ရှင်းပြရပါတယ်။ ဟုတ်ပါတယ်။ ကျွမ်းကျင်မှုနယ်ထဲက အားနည်းနေတဲ့နေရာကို လေ့ကျင့်တာက မကျွမ်းကျင်တဲ့နယ်ထဲက အားကောင်းတာကို လေ့ကျင့်တာထက် ထိရောက်ပါတယ်။


မိမိကျွမ်းကျင်တဲ့အလုပ်ကို သိအောင်ရှာပါ။ သိပြီဆိုရင် ကျွမ်းကျင်သထက် ကျွမ်းကျင်အောင်ကြိုးစားပါ။ မိမိတတ်ကျွမ်းတဲ့အလုပ်မှာ ၉ သို့မဟုတ် ၁၀ အဆင့်ရှိအောင် ကျွမ်းကျင်မှ အောင်မြင်မှုကိုရမယ်၊ ဈေးကောင်းပေးတဲ့သူရှိပါလိမ့်မယ်။ ဒီအချက်ကတော့ ရွှေလိုတန်ဖိုးရှိတဲ့ ခေါင်းဆောင် အရည်အသွေးတစ်ခုဖြစ်တဲ့ “ကျွမ်းကျင်တာကိုသိမှ ပိုကျွမ်းကျင်မယ်”ဆိုတဲ့ ခေါင်းစဉ်နဲ့ ပတ်သက်သည့် အနှစ်ချုပ်ပဲ ဖြစ်ပါတယ်။

**(ဆရာ ကျော်ကျော်လှိုင်၏ “ရွှေလို တန်ဖိုးရှိသော ခေါင်းဆောင်မှု” စာအုပ်မှ “ကျွမ်းကျင်တာကိုသိမှ ပိုကျွမ်းကျင်မယ်” ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)**

ကြော်ငြာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသတိုးတက်ရေးကိုလည်းကောင်း အထောက်အကူပြုစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာဟန်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၄၃၉၁၀၈၉၀၀၊ ၀၉၆-၃၀၀၀၅

(၂) ဒေါ်စေစေအေးကြည် ၀၉-၄၂၉၁၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။






## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရေိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ်(ပ.၂၀၉၉၆)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးခင်ဝင်း၊ မှတ်ပုံတင်အမှတ် ၁၃/နမတ(နိုင်)၀၀၁၉၅၄ အဘအမည်၊ ဦးမောင်သန်းမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၃၁၂၆)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဦးရဲမြင့်အမည်ပေါက် ပါမစ်မြေကွက်အား ဦးရှိန်းမာန်(ဘ) ဦးကင်ခွိရှိန်း၊ ၅/တမန(နိုင်)၀၂၉၆၆၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။


**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



သစ်တော
မှန်လျှင်
အသုံးဝင်
အစဉ်
ထာဝရ
ထိန်းသိမ်းကြ



# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရော၀တီဌာနခွဲ)မှ မန္တလေး-ဗန်းမော် သင်္ဘောခရီးစဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

နေပြည်တော် ဧပြီ ၁၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရော၀တီဌာနခွဲ(မန္တလေး)မှ မန္တလေး-ဗန်းမော် ခရီးစဉ်ကို တစ်ပတ်လျှင်နှစ်ခေါက် (တနင်္လာ၊ ကြာသပတေး) နေ့တိုင်း ဂေါ၀ိန်ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ပီကြီး/ပီလတ် ရေယာဉ်အမျိုးအစားများဖြစ်သော နှစ်ထပ်သင်္ဘောများဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့ (တနင်္လာနေ့)တွင် မန္တလေးဆိပ်ကမ်းမှ ဗန်းမော်သို့ ခရီးစဉ်ခေါက်ရေ (၄၈)ကို နံနက် ၆ နာရီတွင် ပြဒါးပျံရေယာဉ်ဖြင့် ခရီးသည် ၂၁ ဦးနှင့် ကုန် ၂၀၇ တန် တင်ဆောင်ပြေးဆွဲပေးခဲ့သည်။ အဆိုပါ ပြဒါးပျံရေယာဉ်သည် ခရီးလမ်းတစ်လျှောက် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူမြို့များ၌ ဆိုက်ကပ်ပြီး ခရီးသည်နှင့် ကုန်တင်ခြင်း/ ကုန်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ဗန်းမော်ဆိပ်ကမ်းသို့ ရောက်ရှိအခြေပြုမည်ဖြစ်သည်။ ဗန်းမော်မြို့ဆိပ်ကမ်းတွင် သယ်ဆောင်လာသော ကုန်စည်များ ကုန်ချခြင်း၊ အစုန်ခရီးစဉ်အတွက် ခရီးသည်နှင့် ကုန်များတင်ဆောင်ခြင်းများ လက်ခံဆောင်ရွက်ပြီးနောက် သင်္ကြန်ကာလပြီးဆုံးသည့် ဧပြီ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ဗန်းမော်မှ မန္တလေးသို့ ပြန်လည်စုန်ဆင်းမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပင်စင်စားမိဘပြည်သူများသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay စနစ်တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော ပင်စင်စားမိဘပြည်သူများအနေဖြင့် လတ်တလောအခြေအနေများကြောင့် ၂၀၂၁ ခုနှစ် ဧပြီလအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူနေခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ် အသုံးပြု၍ ထုတ်ယူပေးပါရန်နှင့် COVID-19 ကူးစက်ရောဂါကာကွယ်နိုင်ရေးအတွက် ၂၁-၄-၂၀၂၁ ရက်နေ့ တစ်ရက်တည်းထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ(၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင် စာရင်းတွင် မိုလိုတော့ဗ်စာစောင် မပါဝင်ပါ။ အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## ကြေးမုံ ယနေ့ ဖတ်စရာ

### ပြန်လွမ်းမိသည် ငယ်ဘ၀ သင်္ကြန် နေ့ရက်များဆီ

စာမျက်နှာ » ၁၆

### လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

စာမျက်နှာ » ၂၃

# မြန်မာ့မီးရထားမှ မန္တလေး-ရွှေဘို-မန္တလေးလမ်းပိုင်းနှင့် အင်းစိန်-ဥက္ကံ-အင်းစိန်လမ်းပိုင်းတို့၌ ခရီးသည်များခရီးသွားလာမှုအဆင်ပြေစေရန် RBE လူစီးရထားပြေးဆွဲ

နေပြည်တော် ဧပြီ ၁၂

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားသည် လမ်းပိုင်းအလိုက် ရထားများပြေးဆွဲပေးလျက်ရှိရာ မန္တလေး-ရွှေဘိုလမ်းပိုင်းနှင့် အင်းစိန်-ဥက္ကံလမ်းပိုင်းတို့၌ ခရီးသည်များ ခရီးသွားလာမှုအဆင်ပြေစေရန် ယနေ့နံနက်ပိုင်းတွင် RBE လူစီးရထားပြေးဆွဲခဲ့သည်။

**ပြန်လည်ဆိုက်ရောက်**

အဆိုပါ မန္တလေး-ရွှေဘို-မန္တလေးခရီးစဉ်တွင် မန္တလေး-ရွှေဘို အဆန် RBE လူစီးရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီ စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်ခဲ့ရာ ရွှေဘိုဘူတာသို့ နံနက် ၉ နာရီ ၃၃ မိနစ်တွင် ရောက်ရှိခဲ့ကာ ရွှေဘို-မန္တလေး အစုန် RBE ရထားခရီးစဉ်အဖြစ် ရွှေဘိုဘူတာမှ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာရာ မန္တလေးဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒



လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သံလမ်းပေါ်တွင် ကျောက်ခဲများစုပုံထားခြင်းအား ဖယ်ရှားရှင်းလင်းစဉ်။



# အာဆင်နယ်အသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် ၃၁ ရဲ့ တနင်္ဂနွေနေ့ည နောက်ပိုင်းမှာယှဉ်ပြိုင်ကစားခဲ့တဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၃ မိနစ်နဲ့ ၈၅ မိနစ်တို့မှာ လာကာဇက်တီက နှစ်ဂိုးနဲ့ ပွဲကစားချိန် ၇၁ မိနစ်မှာ မာတီနယ်လီကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းလေးပွဲအထိ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့**

ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး လာကာဇက်တီကတော့ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ် သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပြီး ကလပ်အသင်းတစ်သင်းတည်းမှာ ပရီမီယာလိဂ်သွင်းဂိုး ၅၀ အထိ သွင်းယူနိုင်ခဲ့တဲ့ ခြောက်ဦးမြောက် ပြင်သစ်နိုင်ငံသား ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၅ သို့ ❖